ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြို့ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

မိမိကိုယ်သာလျှင် ကြည့်ရှုဆင်ခြင်

သူတစ်ပါးတို့၏ ကြမ်းတမ်းဝန်တို မလိုသော စကားတို့ကို နှလုံးမသွင်းအပ်၊ သူတစ်ပါး၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကို မကြည့်ရှု မဆင်ခြင်ရာ၊ မိမိ၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကိုသာလျှင် ကြည့်ရှု ဆင်ခြင်ရာ၏။ ပုပ္ပဝဂ်(၀မ္မပဒ–၅၀)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက် အင်္ဂါနေ့။ Tuesday, 20 October 2026 ၁၂၃၇

ပြည်သူ့လွှတ်တော် ရှေးကောက်ပွဲ ဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

စာမျက်နှာ » ၃

မိုးတိမ်တောင်များ ရွှေ့လျားရာနေရာ တစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၁၉

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသ ဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ မိုး/ဧလ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး H.E. Mr. Akanat Promphan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက် ပိုင်းတွင် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးကိုကိုလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး H.E. Mr. Akanat Promphan အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၉

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် အဖွဲ့များသည် အောက်တိုဘာ ၁၆ ရက်မှစတင်၍ တည်းခိုနေထိုင်ကြမည့် နေပြည်တော် တည်းခိုရေးစခန်းသို့ ရောက်ရှိကြရာ ယနေ့တွင် ပြိုင်ပွဲဝင်အဖွဲ့များအားလုံး ရောက်ရှိကြပြီဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂



အင်္ဂပူမြို့နယ်၌ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေး

အင်္ဂပူ အောက်တိုဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့ မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကျန်းမာရေးဌာနတွင် ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးသည်။

ဦးစွာမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ဝက်သက်၊ ဂျိုက်သိုးရောဂါ အကြောင်းနှင့် စာမျက်နှာ ၅ ကော်လံ ၅ သို့ ❖



လွိုင်ကော်မြို့ ပြည်နယ်အားကစားကွင်း(ဒေါ်ဥဉာ)ရှိ အားကစားရုံများ ပြန်လည်ပြုပြင်လျက်ရှိ

လွိုင်ကော် အောက်တိုဘာ ၁၉

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လွိုင်ကော်မြို့ ပြည်နယ်အားကစားကွင်း(ဒေါ်ဥဉာ)ရှိ အားကစားရုံများကို ပြန်လည် ပြုပြင်လျက်ရှိကြောင်း ကယားပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

ယနေ့ ဖတ်စရာ

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ၁၈ ရက်မြောက်နေ့ ကျင်းပ

စာမျက်နှာ » ၆

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေး ပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

စာမျက်နှာ » ၇

4G ကွန်ရက်မှသည် NSA နှင့် SA နည်းပညာများဖြင့် 5G ကွန်ရက်သို့

ဆောင်းပါး စာမျက်နှာ » ၁၀

ရိုးရာယဉ်ကျေးမှုကိုချစ်ခင်မြတ်နိုးအမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုမြှင့်တင်

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်ပြိုင်ပွဲကို အောက်တိုဘာလ ၂၁ ရက်မှ ၂၉ ရက်နေ့အထိ နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်တော့မည်ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြန်မာ့ယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ဖြတ်နိုး တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော အနုပညာရှင်များ၊ ရွှတ်ပုန်းသီး အနုပညာရှင်များ၊ မျိုးဆက်သစ်အနုပညာရှင်များ စုစုပေါင်း ၂၄၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြတော့မည်ဖြစ်သည်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရေးနှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ နိုင်ငံတော်တည်ဆောက်ရေး ကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာဖွံ့ဖြိုးအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေးစသည့် ဦးတည်ချက် (၄)ရပ် ချမှတ်၍ ကျင်းပဆင်နွှဲနေခြင်းဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများသည် မြန်မာတို့၏ ရှေးအစဉ်အလာယဉ်ကျေးမှုကို ထုတ်ဖော်ပြသသည့်ပြိုင်ပွဲများဖြစ်ပြီး ဂုဏ်ယူဖွယ်ရာကောင်းသည့် မြန်မာ့အနုသုခုမပညာရပ်များအား မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများကို ချစ်ခင်မြတ်နိုးကြသည့် ပြည်သူများက အားပေးကြည့်ရှုကြမည်ဖြစ်သည်။ နှစ်ပေါင်းထောင်ချီတည်တံ့ဖြစ်ထွန်းခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များသည် ခေတ်ကာလပြောင်းလဲ တိုးတက်ဖြစ်ထွန်းမှုများနှင့် အတူ ခေတ်ပေါ်ယဉ်ကျေးမှုအနုပညာရပ်များ ထိုးဖောက်လွှမ်းမိုးမှုများကြားတွင် တိမ်မြုပ်ပျောက်ကွယ်သွားခြင်းမရှိဘဲ ယနေ့ထက်တိုင် တိုင်းရင်းသားပြည်သူများ ချစ်ခင်မြတ်နိုး အားပေးနေကြဆဲဖြစ်သည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏မြို့တော် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် နေပြည်တော် မြို့တော်ခန်း၊ ပဒ္မသိရိခန်းမနှင့် ဆင်ဖြူရှင်ခန်းမတို့၌ ခမ်းခမ်းနားနား ထည်ထည်ဝါဝါ စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်မည်ဖြစ်ရာ နေပြည်တော်နှင့် ပတ်ဝန်းကျင်တွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့် တိုက်ရိုက်ကြည့်ရှုအားပေးနိုင်သလို မြန်မာနိုင်ငံတစ်ဝန်းမှ တိုင်းရင်းသားပြည်သူများအနေဖြင့် ရုပ်မြင်သံကြားချန်နယ်လိုင်းအသီးသီးနှင့် လူမှုကွန်ရက်မျက်နှာစာများမှတစ်ဆင့် အားပေးကြည့်ရှုကြခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို မြှင့်တင်ပေးကြရမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ခမ်းနားထည်ဝါပြီး ဂုဏ်ယူစရာကောင်းသည့် ဇာတ်တော်ကြီးပြိုင်ပွဲသည် မြန်မာ့ရိုးရာယဉ်ကျေးမှု မြန်မာ့ဇာတ်သဘင် အနုပညာအဆင့်အတန်းကို ဖော်ညွှန်းပြသသည့် ပြိုင်ပွဲကြီးဖြစ်သည်။ မြန်မာ့ရိုးရာအစဉ်အလာမပျက် မြန်မာ့ဇာတ်သဘင် ဖျော်ဖြေတင်ဆက်မှုများကို ယနေ့ထက်တိုင် တန်ဖိုးထားအားပေးလျက်ရှိသဖြင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ ဆင်နွှဲမည့် မြန်မာ့ရိုးရာဇာတ်သဘင် အနုပညာစွမ်းဆောင်ရည်များကို အကဲဖြတ်ခိုင်းစားနှင့်အတူ လာရောက်ကြည့်ရှုအားပေးကြမည့် မိဘပြည်သူများအတွက် စနစ်တကျ ပြင်ဆင်ထားသည်။ ယခုနှစ်ပြိုင်ပွဲသည် ယခင်နှစ်များနှင့်မတူ အယ်လ်နီညိုရာသီဥတု အရှိန်ကြောင့် နေ့အလိုက် အပူအအေးမမျှတခြင်း၊ ရာသီဥတု အပြောင်းအလဲမြန်ဖောက်ပြန်ခြင်းများနှင့် ကြုံတွေ့နိုင်သဖြင့် ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူများ၊ ခိုင်အဖွဲ့ဝင်များနှင့် ပရိသတ်များပါမကျန် ကျန်းမာရေးထိခိုက်မှုမဖြစ်စေရန် အထူးဂရုပြုစီမံဆောင်ရွက်ထားသည်။

သို့ဖြစ်ရာ နေပြည်တော်တွင် စတင်ဆင်နွှဲတော့မည်ဖြစ်သည့် ၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများ၏ နှစ်ပေါင်းထောင်ချီ တည်တံ့ဖြစ်ထွန်းခဲ့သည့် ဂုဏ်ယူဖွယ်ရာ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ပြန်လည် ဖော်ထုတ်ပေးနိုင်သည့် ပြိုင်ပွဲများဖြစ်ပေရာ အဆိုပါပြိုင်ပွဲများကို တခဲမတနား ဖြင့် အောင်အောင်မြင်မြင် ကျင်းပတော့မည်ဖြစ်၍ မြန်မာ့ယဉ်ကျေးမှုအနုသုခုမပညာရပ်များကို ချစ်ခင်မြတ်နိုးကြသည့် ပြည်သူများကလည်း တစ်ခဲနက် အားပေးကြခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ ထက်သန်ခိုင်မာရေးနှင့် နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်နှင့် မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထွန်းကားလာမည်ဖြစ်ပါကြောင်း။ ။

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဇော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

မြန်မာနိုင်ငံ ပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စစ်ဆေးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါ်စီစီချိန်ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(၁၉-၁၀-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးစျေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၃.၅ ~ ၃၆၇၀	၅၅၇.၉ ~ ၅၅၈.၇	၁၂၅.၅ ~ ၁၂၅.၇	၄၃.၆၀
စျေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၆,၉၃၅,၆၀၄.၁၅	၁၂,၇၁၈,၃၄၅.၄၂	၁၈,၇၆၆,၂၇၆.၇၄	-

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၁၉ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းစျေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **စျေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းစျေးသတ်မှတ်ရေးကော်မတီ

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

ရန်ကုန်စတော့အိတ်ချိန်းစျေးကွက် ၁၉ - ၁၀ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်စျေး (ကျပ်)	အဝိတ်စျေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၉,၅၀၀	၁၉,၀၀၀	၄၅၅	၈,၇၄၅,၅၀၀
MTSH	၈,၆၀၀	၈,၆၀၀	၅၈	၄၉၃,၈၀၀
MCB	၁၂,၅၀၀	၁၂,၅၀၀	၂၀၀	၂,၅၀၀,၀၀၀
FPB	၇,၀၀၀	၆,၈၀၀	၃၇၈	၂,၅၇၈,၃၀၀
TMH	၃,၂၀၀	၃,၁၀၀	၃၈၀	၁,၁၇၈,၁၀၀
EFR	၁,၆၅၀	၁,၆၅၀	၈,၀၄၉	၁၃,၂၈၀,၈၅၀
AMATA	၄,၀၀၀	၄,၀၀၀	၄၀	၁၆၀,၀၀၀
MAEX	၆,၄၀၀	၆,၅၀၀	၂,၆၁၄	၁၆,၉၇၄,၆၀၀
MADPL(PLB)	၆,၃၀၀	၆,၃၀၀	၁,၃၅၀	၈,၅၀၅,၀၀၀
ASPGB(PLB)	၅,၈၀၀	၅,၆၀၀	၂,၇၈၅	၁၅,၈၃၃,၇၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း	- ခင်မိုမိုအောင်၊
စာတည်းမှူး	- အေဝမ်းစိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာမာစိုး၊
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊		ခိုင်သန္တာလွှေ၊ ခင်ယုဆွေ၊ အိအိမွန်
	ယုဝါဝါ၊ သီသီမင်း၊	အယ်ဒတ်နှင့်	- အောင်ကျော်ဦး၊ သန်းတင်အောင်
	ဟိန်းထက်လင်း၊ သက်ထွေး၊	သတင်းထောက်များ	ခင်သက်မွန်၊ မြသီတာ
	စန်းယဉ်ဦ၊ နိုင်လင်းကြည်	သုတေသန	- ဇင်မာဝင့်
ဘာသာပြန်	- အောင်ကျော်ကျော်၊	စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
	စိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- နီလာစိုးနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒေစာရင်း ၀၁-၂၉၁၄၇၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး H.E. Mr. Akanat Promphan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

❐ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံသည် အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံများ ဖြစ်သည်နှင့်အညီ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး ဆွေးနွေးဆောင်ရွက်နိုင်ခဲ့မှု၊ နှစ်နိုင်ငံအကြား စွမ်းအင်နှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ ရာသီဥတု ဖောက်ပြန်မှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး H.E. Mr. Akanat Promphan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေ

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆ ။)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်

(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ (၄) ၏ နောက်တွင် ပုဒ်မခွဲ (၃) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(၃) သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်းပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း။"

၃။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁ ၏ နောက်တွင် ပုဒ်မ ၁၁-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၁-က။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးသည်-

(က) ယင်းကိုယ်စားပြုပါတီအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄)၊ (၅)၊ (၆)၊ (၇) နှင့် (၁၁) တို့ပါ အချက် တစ်ရပ်ရပ်နှင့် ငြိစွန်းသဖြင့် ပုဒ်မခွဲ (ခ) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ယင်းကိုယ်စားပြုပါတီ ဖျက်သိမ်းလျှင်ဖြစ်စေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၈)၊ (၉) နှင့် (၁၀) တို့ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသဖြင့် ပုဒ်မခွဲ (ခ) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ၊ ပုဒ်မ ၂၄ ပုဒ်မခွဲ (ဂ) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ အခြားပါတီတစ်ခု၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရပ်တည်ခွင့်ပြုရန် သက်ဆိုင်ရာပါတီ၏ ပါတီဝင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားဖြင့် ပါတီဖျက်သိမ်းသည့်နေ့မှစ၍ သို့မဟုတ် ပယ်ဖျက်ခံရသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ လျှောက်ထားရမည်။ ယင်းသို့လျှောက်ထားခြင်း မရှိပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

ခြွင်းချက်။ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်အဖြစ်သာ ရပ်တည်လိုကြောင်းဆန္ဒရှိပါက ထိုသို့ရပ်တည်လိုကြောင်း ကော်မရှင်သို့ ရက်ပေါင်း ၆၀ အတွင်း တင်ပြဆောင်ရွက်နိုင်သည်။"

၄။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၈ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၈။ (က) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်း တင်သွင်းထားသူတစ်ဦးသည် အမည်စာရင်းတင်သွင်းလွှာကို သတ်မှတ်ထားသည့်အတိုင်း ရပ်သိမ်းခွင့်ရှိသည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းထုတ်ပြန်ကြေညာပြီးနောက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်မှ သတ်မှတ်ထားသည့်အတိုင်း နုတ်ထွက်ခွင့်ရှိသည်။"

၅။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၀-က ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၀-က။ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ကော်မရှင်က သတ်မှတ်ထားသည့်အတိုင်း အောက်ပါနည်းလမ်းများဖြင့် မဲဆွယ်စည်းရုံးနိုင်သည်-"

၆။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၂ ပါ "နံနက် ၆ နာရီ" ဆိုသည့် စကားရပ်ကို "နံနက် ၇ နာရီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ" ဆိုသည့် စကားရပ်ကို "ညနေ ၅ နာရီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၇။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၈ ပုဒ်မခွဲ (ခ) ပါ "၂ ရက်ကြိုတင်၍" ဆိုသည့် စကားရပ်ကို "၃ ရက်ကြိုတင်၍" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ မတိုင်မီ" ဆိုသည့် စကားရပ်ကို "နံနက် ၉ နာရီမတိုင်မီ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၈။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၈၈ ပုဒ်မခွဲ (ဃ) ပါ "လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်" ဆိုသည့်စကားရပ်ကို "လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

✦ ကျောဖုံးမှ

ထို့နောက် ဒုတိယသမ္မတသည် ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းတစ်လျှောက်ရှိ အိမ်ရာများ အမြင်တင့်တယ်ပြီး စနစ်တကျရှိစေရန် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်၍ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ကျန်စစ်သားလမ်းရှိ ဘောလုံးကွင်း၊ အားကစားကွင်းများ တည်ဆောက်မည့် လျာထားအဆိုပြုမြေနေရာနှင့် ကနောင်မင်းသားကြီးလမ်းရှိ လျာထားအဆိုပြုမြေနေရာများကို လည်းကောင်း၊ ရွှေပြည်သာမြို့နယ် စက်မှုဒေသလမ်းမကြီးရှိ ခေတ်မီပန်းခြံနှင့် ဘောလုံးကွင်းတည်ဆောက်မည့် လျာထားအဆိုပြုမြေနေရာကိုလည်းကောင်း၊ ရွှေပြည်သာမြို့နယ် ပြည်ထောင်စုလမ်းရှိ ဘောလုံးအားကစားကွင်း လျာထားအဆိုပြုမြေနေရာကိုလည်းကောင်း၊ လှိုင်သာယာ(အနောက်ပိုင်း) အနော်ရထာစက်မှုဇုန်ရှိ တိုးချဲ့ဆောင်ရွက်မည့်မြေနေရာများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် အောက်တိုဘာ ၁၉

ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော် ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နိုဗာ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

နှုတ်ဆက်

ပြည်ထောင်စုလွှတ်တော်နာယက ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကနှင့် အတူ ပြည်သူ့ဌေစာရင်းကော်မတီနှင့် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးချစ်ဆွေ၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာစောနေလင်းအောင်၊ မြန်မာ-ဘယ်လာရုစ်လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

သတင်းစဉ်



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့တိုင်းရင်းဆေးညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်

နေပြည်တော် အောက်တိုဘာ ၁၉

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင် ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီး မစ္စတာ လွဲဟိုင်ချို၏ ဖိတ်ကြားချက်အရ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၇ ရက်မှ ၁၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ China National Convention Center ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့တိုင်းရင်းဆေးညီလာခံသို့ အာရှနိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများ၊ အာဖရိကနိုင်ငံများနှင့် ကျန်းစုနိုင်ငံများ၊ SCO အဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများ၊ WHO အဖွဲ့မှ တာဝန်ရှိသူများနှင့် အတူ တက်ရောက်ခဲ့သည်။



ညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီချန်ကအဖွင့်အမှာစကား ပြောကြားရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ Global Traditional Medicine Strategy 2025–2034 နှင့်အညီ ရွေးကောက်ခံအစိုးရ၊ ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းဆေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံ၏ ပဏာမ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် တိုင်းရင်းဆေး ကုသမှုလုပ်ငန်းများ၏ အရေးပါမှု၊ တိုင်းရင်းဆေးဝါးများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ် ဖြန့်ဖြူးရောင်းချနိုင်ရေးနှင့် အရည်အသွေးပြည့်ဝစေရေး စီစဉ် ကြပ်မတ် ဆောင်ရွက်လျက်ရှိမှု၊ တိုင်းရင်းဆေးပညာရှင်များ စနစ်တကျမွေးထုတ်လေ့ကျင့်ပေးနေမှု၊ တိုင်းရင်းဆေးရုံ/ ဆေးခန်းများ အဆင့်မြှင့်တင်ရေး ဆောင်ရွက်မည့်အခြေအနေများ၊ တိုင်းရင်းဆေး သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နှစ်စဉ် သုတေသန ညီလာခံ ဆောင်ရွက်နေမှုများကို ပြောကြားခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆေးပင်များ စဉ်ဆက်မပြတ် ပြုစုထိန်းသိမ်းရေး ဝန်ကြီးများ အဆင့် Roundtable Discussion သို့ တက်ရောက်၍ ဆေးပင်များ စဉ်ဆက်မပြတ် ပြုစုထိန်းသိမ်းရေးအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်း၏ အရေးပါမှု၊ မြန်မာနိုင်ငံတွင်လည်း နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပရဆေးဥယျာဉ်များ တည်ထောင်ထားရှိမှုနှင့် ရှားပါးပရဆေးပင်များ ပြုစုထိန်းသိမ်းထားရှိမှုများကို အဖြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် ညီလာခံ တက်ရောက်နေစဉ် အတွင်း တရုတ်အမျိုးသားကျန်းမာရေးကော်မရှင် ဒုတိယဝန်ကြီး H.E. Mr. Zeng Yixin နှင့်လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံ အာယုဗေဒ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Vaidya Rajesh Kotecha နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ပိုမိုဖြင့်တင်ရေး၊ နယ်စပ်ဒေသ ကူးစက်ရောဂါ ဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုရေးနှင့် သတင်းအချက်အလက်များ ဖလှယ်ရေး၊ တိုင်းရင်းဆေးပညာ လူ့စွမ်းအား အရင်းအမြစ်များ လေ့ကျင့်သင်ကြားပေးရေး၊ ဆက်လက် ပူးပေါင်းဆောင်ရွက် သွားမည့်ကိစ္စရပ်များကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စု ဝန်ကြီးနှင့် ညီလာခံ တက်ရောက်လာသည့် နိုင်ငံတကာ ကိုယ်စားလှယ်များသည် ပေကျင်းမြို့ရှိ ခုတင် (၁၂၀၀)ဆံ့ ဟိုင်ဒန်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ ဆေးရုံ၏ အဆင့်မြင့်နည်းပညာသုံး ကင်ဆာဆေးကုသမှု၊ Robotic Surgery နည်းပညာဖြင့် အရိုးရောဂါများ၊ အစာအိမ်အူလမ်းကြောင်းနှင့် ကျောက်ကပ်ရောဂါ ခွဲစိတ်ကုသမှု ဆောင်ရွက်နေမှု၊ ပေကျင်းမြို့ Hygea Health Innovation Center သို့သွားရောက်ပြီး အဆင့်မြင့်နည်းပညာသုံး ကင်ဆာဆေး ကုသစက်များ၊ ခွဲစိတ်ကုသမှု လေ့ကျင့်ရေးစင်တာ တည်ထောင်ထားရှိမှုအား လေ့လာကြည့်ရှုခဲ့ကြသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့တိုင်းရင်းဆေး ညီလာခံသို့နိုင်ငံတကာမှကိုယ်စားလှယ်များ၊ ပညာရှင်များ စုစုပေါင်း ၁၅၀၀ ကျော် တက်ရောက်ခဲ့ကြပြီး AI နည်းပညာနှင့် Robotic နည်းပညာအသုံးပြုတိုင်းရင်းဆေး ကုသမှုပြခန်းများ၊ ရောဂါရှာဖွေရေးနှင့် ဆေးကုသမှု အထောက်အကူပြစက်ပစ္စည်းများ၊ စက်ရုပ်များ ပြသထားကြောင်း သိရသည်။

သတင်းစဉ်



❍ လွှိုင်ကော်မြို့မှ

ပြည်နယ်အားကစားကွင်း(ဒေါ်ဥသူ)ရှိဘတ်စကက်ဘောရုံအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းဘဏ္ဍာရန်ပုံငွေဖြင့် အကြီးစားပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းတွင် ကယား ပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ပြည်နယ်အဆင့် အားကစားရုံဖြစ်သည့်အလျောက် အားကစားရုံအား သတ်မှတ်အရည်အသွေးပြည့်မီစွာ ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးရေး ပြုပြင်ဆောင်ရွက်ရန်၊ အားကစားရုံနှင့် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှုရှိစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်ရန်မှာကြားသည်။

ထို့အတူ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အကြီးစားပြုပြင်ဆောင်ရွက်လျက်ရှိသည့် တိုက်ကွမ်ခိုအားကစားရုံကိုလည်းကောင်း၊ ဘောလုံးကွင်းပွဲကြည့်စင်နှင့် အားကစားသမားများနားနေခန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဘောလုံးကွင်းပွဲကြည့်စင်အား အားကစားပြိုင်ပွဲများ ဆောင်ရွက်ပြီးချိန်များတွင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်၊ အယ်လ်နီညိုရာသီဥတုကြောင့် ဘောလုံးကွင်း အတွင်း စိုက်ပျိုးထားသည့်မြက်များ သေဆုံးမှုမရှိစေရေးဂရုပြုထိန်းသိမ်းဆောင်ရွက်ရန်နှင့် ကစားသမားနားနေခန်းများ၊ ဘောလုံးကွင်း ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တရားလွှတ်တော်ရှေ့နေများ၊ အထက်တန်းရှေ့နေများနှင့် အလုပ်သင်ရှေ့နေများအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၉

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး (၁၈) ရက်မြောက် နေ့သို့ လာရောက်လေ့လာသည့် တရားလွှတ်တော် ရှေ့နေများ၊ အထက်တန်း ရှေ့နေများနှင့် အလုပ်သင်ရှေ့နေများအား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့ လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



ဦးစွာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တရားစီရင်ရေးမဏ္ဍိုင်တွင် ပါဝင်ဆောင်ရွက်နေကြသူများအနေဖြင့် လွှတ်တော်ကို စိတ်ပါဝင်စားစွာ လာရောက်လေ့လာသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်တွင် မဏ္ဍိုင်ကြီး (၃) ရပ်ရှိသည့် အနက် မိမိတို့လွှတ်တော်သည် ပြည်သူက ရွေးကောက်တင်မြှောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးကြောင်း၊ မိမိတို့လွှတ်တော်များသည် တည်ဆဲဥပဒေများနှင့် စပ်လျဉ်း၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးဖြစ်ထွန်းစေမည့် ခေတ်ကာလ အခြေအနေနှင့် ကိုက်ညီမှုမရှိသည့် ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်း၊ လိုအပ်ပါက ဥပဒေအသစ်များပြဋ္ဌာန်းခြင်းဖြင့် ဥပဒေပြုတာဝန်ကို လည်းကောင်း၊ လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် ပြည်သူများ၏အသံကို မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့် ပြည်သူကို ကိုယ်စားပြုခြင်း တာဝန်ကိုလည်း ကောင်း၊ အခြားမဏ္ဍိုင်ကြီးများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူနှင့်အစိုးရကြား ပေါင်းကူးပေးရသည့် တာဝန်ကို လည်းကောင်း ထမ်းဆောင်လျက် ရှိပြီး အဆိုပါတာဝန်များကို မိမိတို့လွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်လျက် ရှိကြောင်း၊ ထို့ကြောင့် ကော်မတီများသည် လွှတ်တော်၏ အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ အထူးသဖြင့် အမျိုးသမီး၊ ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူများနှင့် မူးယစ်ဆေးဝါးဆိုင်ရာတည်ဆဲဥပဒေများကို လိုအပ်ပါက ပြင်ဆင်၊ ဖြည့်စွက်နိုင်ရေး စိစစ်လေ့လာလျက်ရှိကြောင်း၊ ယခုတက်ရောက်လာသူများသည် ဥပဒေများနှင့် ရင်းနှီးကျွမ်းဝင်သူများဖြစ်၍ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များတွင် အကြံဉာဏ်များ ပြုနိုင်ကြောင်း၊ မိမိ တာဝန်ထမ်းဆောင်နေသည့် ကာလအတွင်း စွမ်းရည်မြင့်မားပြီး ပြည်သူကိုဗဟိုပြုသော ခေတ်မီလွှတ်တော်တစ်ရပ် ဖြစ်စေရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်းနှင့်လွှတ်တော်ကို ပြည်သူများ ပိုမိုသိရှိပြီး အားကိုးအားထားပြုသည့်မဏ္ဍိုင် ဖြစ်လာစေရေး ဆောင်ရွက်လျက် ရှိကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ယနေ့လွှတ်တော်အစည်းအဝေးတွင် ပြည်သူများ၏ အသံနှင့် ဆန္ဒများနှင့်စပ်လျဉ်း၍ မေးခွန်းများ မေးမြန်းဆောင်ရွက်နေမှုများကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ခွင့်ရသည့် အတွက် လွှတ်တော်သည် ပြည်သူနှင့် တစ်သားတည်းရှိသည်ကို တွေ့ရှိရသဖြင့် အားရကျေနပ်မိပါကြောင်း၊ ပွင့်လင်းမြင်သာပြီး ဒီမိုကရေစီ နည်းလမ်းကျစွာ ဆောင်ရွက်နေမှုများသည် အရွေ့တစ်ခုသို့ ရောက်ရှိနေသည်ကို လေ့လာ တွေ့ရှိရပါကြောင်း၊ လွှတ်တော်သည် ပြည်သူများအတွက် အရေးကြီးသည့်မဏ္ဍိုင် တစ်ခုဖြစ်ပြီး လာရောက်လေ့လာသင့်သည့် နေရာတစ်ခုဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

မွန်ပြည်နယ် ဥပဒေချုပ် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲ တက်ရောက်

မော်လမြိုင် အောက်တိုဘာ ၁၉

မွန်ပြည်နယ် ဥပဒေချုပ်ရုံးမှ ကြီးမှူးကျင်းပသော ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပြည်နယ် ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မွန်ပြည်နယ် ဥပဒေချုပ်က ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ပိုမိုကျွမ်းကျင် ထိရောက်စွာ ဆောင်ရွက်နိုင်ရေး အတွက် စွမ်းဆောင်ရည် မြှင့်တင်ရေးသည် မဖြစ်မနေ လိုအပ်ကြောင်း၊ ဥပဒေရေးရာ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေများကို စနစ်တကျ နားလည် သဘောပေါက်ပြီး ပြည်သူကို အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းသားများက တစ်ဦးချင်း မိတ်ဆက်ကြပြီး သင်တန်းသို့ ပြည်နယ်ဥပဒေချုပ်ရုံးမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်၍ သင်တန်းကို သုံးရက်ကြာ သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သို့ မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ဗဟို) အသင်းသားများ လာရောက်လေ့လာ

ရန်ကုန် အောက်တိုဘာ ၁၉

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ဗဟို)အသင်းသားများ၊ အခြေခံသံတမန်ကျွမ်းကျင်မှုသင်တန်းအပတ်စဉ် (၄၇)မှ သင်တန်းသားများ၊ လှိုင်သာယာပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အသင်းသားများက အစည်းအဝေးဆောင်ရွက်နေမှုများကို လာရောက်လေ့လာခဲ့ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ဗဟို)က ကြီးမှူးကျင်းပသော တိုင်းဒေသကြီးနှင့်ပြည်နယ်အသင်းများ၏ ပထမအကြိမ် အသင်းဝင် ကတ်ပေးအပ်ပွဲအခမ်းအနားကို ရန်ကုန်မြို့ My Garden ၌ ကျင်းပပြီး အသင်းဝင်ကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

✪ (၂၇)ကြိမ်မြောက်မှ

"ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်အဖွဲ့နေနဲ့ စုစုပေါင်း ၂၂၀ ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ။ ပြိုင်ပွဲဝင်မယ့် ကလေးတွေရဲ့ လေ့ကျင့်ရေး၊ ကျန်းမာရေးနဲ့ လိုအပ်တာတွေအားလုံးကို အခက်အခဲမရှိအောင် ပံ့ပိုးကူညီဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်တုန်းကတော့ တစ်နိုင်ငံလုံးအနေနဲ့ အဆင့် (၅) ရဲ့ဝင်တယ်။ ဒီနှစ်မှာတော့ ဆုတ်ဆိပ်တွေ ပိုမိုရရှိအောင်နဲ့ အဆင့်ကို အရင်နှစ်ထက် ပိုတက်အောင်လုပ်မယ်ဆိုတဲ့ ရည်မှန်းချက်နဲ့ လာရောက်ယှဉ်ပြိုင်ရခြင်း ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်ကလေးတွေအနေနဲ့ အထူးကြိုးစားထားကြတဲ့ အတွက် ကျေနပ်အားရမိပါတယ်။ ပဲခူးတိုင်းဒေသကြီးက ဇာတ်တော်ကြီး ပြိုင်ပွဲနဲ့ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲမှာလည်း အင်ပြည့်အားပြည့်နဲ့ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်တဲ့အတွက် လာရောက်အားပေးကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု တိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်တင့်က ပြောသည်။

ထိုသို့ ရောက်ရှိလာကြသည့် ပြိုင်ပွဲဝင်အဖွဲ့များကို တာဝန်ရှိသူများက နွေးထွေးပျူငှာစွာ ကြိုဆိုနှုတ်ဆက်ကြပြီး သတ်မှတ်ထားသည့် တည်းခိုဆောင်များအလိုက် နေရာချထားပေးကာ နေထိုင်စားသောက်ရေး အဆင်ပြေစေရေးအတွက် ပြင်ဆင်ဆောင်ရွက်ပေးကြသည်။

"အဆိုပြိုင်ပွဲကာလပေါ်ဘာသာရပ်မှာ ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ (၁၈) ကြိမ်မြောက် ပြိုင်ပွဲကတည်းကစပြီး ယှဉ်ပြိုင်ခဲ့တာပါ။ ဒီနှစ်နဲ့ ဆိုရင် ကိုးနှစ်မြောက်ရှိပါပြီ။ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရတဲ့အခါမှာ အတွေ့အကြုံတွေအများကြီးရသလို အနုပညာညီအစ်ကိုမောင်နှမတွေနဲ့ တွေ့ဆုံခွင့်ရတယ်။ အခြားတိုင်းဒေသကြီးနဲ့ပြည်နယ်က ဘယ်လိုတွေကြုံစားလာတယ်။ တစ်နှစ်ထက်တစ်နှစ် မတူတဲ့ အတွေ့အကြုံတွေ အများကြီးရတဲ့အပြင် ရခဲ့တဲ့အတွေ့အကြုံတွေကနေပြီးတော့ ကိုယ်ရှုံးနိမ့်ခဲ့တဲ့ အရာတွေ၊ ဆုမရခဲ့တဲ့အရာတွေကို သင်ခန်းစာယူပြီးတော့ မနှစ်ကတော့ သမီး ရွှေတံဆိပ်ဆုရရှိခဲ့ပါတယ်။ ဒီနှစ်မှာလည်း မနှစ်ကထက် ဆုတွေ ပိုမိုရရှိအောင် ကြိုးစားသွားမှာပါ" ဟု မကွေး တိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင် မစုမြတ်နိုးက ပြောသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနက ပြိုင်ပွဲဝင်အဖွဲ့များ ကျန်းမာရေး ချို့ယွင်းမှု တစ်စုံတစ်ရာဖြစ်ပေါ်လာပါက ကုသပေးနိုင်ရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းကိုလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ပြိုင်ပွဲဝင်အဖွဲ့များ စာပေဗဟုသုတများ တိုးပွားစေရန်အတွက် သုတ၊ ရသစာအုပ်၊ စာစောင်များစုံလင်စွာဖြင့် စာကြည့်တိုက်ကို လည်းကောင်း ဖွင့်လှစ်ပေးထားသည်။

အဆိုပါပြိုင်ပွဲကို အောက်တိုဘာ ၂၁ ရက် မှ ၂၉ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ကချင်ပြည်နယ်မှ ၁၁၃ ဦး၊ ကယားပြည်နယ်မှ ၉၃ ဦး၊ ကရင်ပြည်နယ်မှ ၁၃၅ ဦး၊ ချင်းပြည်နယ်မှ ၄၉ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၂၀၀၊ တနင်္သာရီတိုင်းဒေသကြီးမှ ၁၂၂ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၂၂၀၊ မကွေးတိုင်းဒေသကြီးမှ ၁၃၇ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၃၅၈ ဦး၊ မွန်ပြည်နယ်မှ ၂၁၆ ဦး၊ ရခိုင်ပြည်နယ်မှ ၁၀၆ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၂၈၂ ဦး၊ ရှမ်းပြည်နယ်မှ ၁၂၀၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၈၉ ဦးတို့က ပြိုင်ပွဲအမျိုးအစားအဆင့်အလိုက် ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖ အင်္ဂပူဖြို့နယ်မှ

ကာကွယ်ဆေးထိုးနှံမည့် အစီအစဉ်များအား ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက ကာကွယ်ဆေးထိုးနှံပေးနေမှုအား ကြည့်ရှုအားပေးသည်။

အသက် ၉ လမှ ၅၉ လအတွင်းရှိ ကလေးများအား မြို့ပေါ်နှင့် ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများရှိ ကာကွယ်ဆေးထိုးစုရပ်များတွင် အောက်တိုဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

ကြေးမုံ

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၉

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နယ်မြေရှင်းလင်းခြင်းနှင့် လမ်း/တံတားပြုပြင်ခြင်းများ ဆောင်ရွက်ပေးနိုင်ရေး၊ ဆေးရုံအဆင့်တိုးမြှင့်ပေးနိုင်ရေး၊ ကျေးလက်ကျန်းမာရေးဌာန ဆောက်လုပ်ပေး၍ ကျန်းမာရေးဝန်ထမ်းများခန့်အပ်ပေးနိုင်ရေး၊ နိုင်ငံတကာတက္ကသိုလ်များနှင့်ချိတ်ဆက်၍ ပညာသင်ဆုများ ပိုမိုရရှိအောင် ဆောင်ရွက်ပေးနိုင်ရေး၊ ကိုယ်ပိုင်ကျောင်း/ပုဂ္ဂလိကကျောင်းအမည်များကို မြန်မာဘာသာဖြင့် ဆောင်ရွက်ပေးရေး၊ ပညာရေးဝန်ထမ်းများအား ရာထူးတိုးပြောင်းရွှေ့ခန့်ထားရာတွင် "စံ"များထားရှိပေးနိုင်ရေး၊ ပုဂ္ဂလိကကျောင်းများနှင့် ပြည်ပနိုင်ငံများမှရရှိသော ဘွဲ့များအား အသိအမှတ်ပြုထားမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ **မေးခွန်း ၈ ခု** မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဟံသာဝင်း၏ **ကျောက်ကြီးမြို့နယ် ရန်မျိုးအောင်ကျေးရွာမှ အင်းသဘောက်တံတားအထိလမ်းအား လုံခြုံရေးဆောင်ရွက်ခြင်း၊ နယ်မြေရှင်းလင်းခြင်းနှင့် လမ်း/တံတားပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်**စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်မျိုးသန့်က ကျောက်ကြီး-နတ်သံကွင်းလမ်းပေါ်ရှိရန်မျိုးအောင် ကျေးရွာမှ အင်းသဘောက်တံတားအထိ ၃ ဒသမ ၄ မိုင် လမ်းပိုင်းနှင့်အနီး ပတ်ဝန်းကျင်ကျေးရွာများကို နယ်မြေလုံခြုံရေးနှင့် မိုင်းရှင်းလင်းခြင်းလုပ်ငန်းများ အပြည့်အဝဆောင်ရွက်ပြီးပါက မြေပြင်ကွင်းဆင်း စစ်ဆေးတွေ့ရှိချက်များအပေါ်မူတည်၍ လမ်း/တံတားများပြုပြင်ခြင်း၊ ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအတွက် ကုန်ကျစရိတ်များတွက်ချက်ကာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေရရှိမှုပေါ်မူတည်၍ ပြုပြင်တည်ဆောက်ရန် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဆိုပါလမ်းပိုင်းအား ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး အပြည့်အဝရရှိအောင် ဆောင်ရွက်ပြီးမှသာ ပြည်သူများပုံမှန်အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းဆတ်ခရိုင်နှင့် ခုတင်(၅၀)ဆုံ ဆေးရုံအား ခုတင် (၁၀၀)ဆုံအဖြစ် တိုးမြှင့်သတ်မှတ်ပေးပြီး လူနာဆောင်များ အမြန်ဆုံးဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက မိုင်းဆတ်မြို့ ခုတင်(၅၀)ဆုံ ပြည်သူ့ဆေးရုံ၏ တစ်ရက်ပျမ်းမျှ အတွင်းလူနာဦးရေမှာ ၂၀၂၃ ခုနှစ်တွင် ၁၇ ဦး၊ ၂၀၂၄ ခုနှစ်တွင် ၁၈ ဦး၊ ၂၀၂၅ ခုနှစ်တွင် ၁၉ ဦး သုံးနှစ်စာပျမ်းမျှခြင်းအနေဖြင့် ၁၈ ဦးရှိပြီး ဆေးရုံခွင့်ပြုခုတင် အသုံးပြုမှုရာခိုင်နှုန်းမှာ ၂၀၂၃ ခုနှစ်တွင် ၃၄ ရာခိုင်နှုန်း၊ ၂၀၂၄ ခုနှစ်တွင် ၃၆ ရာခိုင်နှုန်း၊ ၂၀၂၅ ခုနှစ်တွင် ၃၈ ရာခိုင်နှုန်း သုံးနှစ်စာပျမ်းမျှခြင်းအားဖြင့် ၃၆ ရာခိုင်နှုန်း သာရှိကြောင်း စီစစ်တွေ့ရှိရပါသဖြင့် လတ်တလော ခုတင်(၁၀၀)ဆုံ ပြည်သူ့ဆေးရုံအဖြစ်သို့ တိုးမြှင့်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် နောင်တွင် ဆေးရုံ၏ လုပ်ငန်းဆောင်ရွက်မှုများလာပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် တိုးချဲ့လူနာဆောင်များကို မိုင်းဆတ်မြို့ ပြည်သူ့ဆေးရုံအား ခုတင်(၅၀)မှ ခုတင် (၁၀၀)ဆုံခရိုင်ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်ခွင့် ရရှိပြီးသောအခါ အဆောက်အအုံလိုအပ်ချက်ရှိပါက အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလေးမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း၏ **ကလေးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှုံးရုံး (တာဟန်း)နှင့် ကျေးလက်ကျန်းမာရေးဌာန (တာဟန်း) တို့အား မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်နှင့် ကျန်းမာရေးဝန်ထမ်းများအား ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှုံးရုံး(တာဟန်း) လေးထပ်ဆောင် ဆောက်လုပ်နေမှုအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ဆောက်လုပ်နိုင်ရန်အတွက် ၂၀၂၆-၂၀၃၀ ခုနှစ် ငါးနှစ်တာစီမံကိန်းတွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်း၊ ကျေးလက်ကျန်းမာရေးဌာန (တာဟန်း) စံကိုက်အဆောက်အအုံဆောက်လုပ် ပေးနိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် စတင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတွင် ကျန်းမာရေးမှုံး ၄၃ ဦး ခန့်ထားပေးလျက်ရှိပြီး တာဟန်းကျေးလက် ကျန်းမာရေးဌာနတွင် အမျိုးသမီးကျန်းမာရေးဆရာမ တစ်ဦး၊ သားဖွားဆရာမ တစ်ဦး၊ ကျန်းမာရေးမှုံး(၄) နှစ်ဦးတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မြို့နယ် ၃၇ မြို့နယ်ရှိရာ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာန စီမံခန့်ခွဲရေးကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ကျန်းမာရေးမှုံးများအား လုပ်ငန်းလိုအပ်ချက်အရ လိုအပ်သလို ပြောင်းရွှေ့တာဝန်ချထားပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး တာဟန်းကျေးလက်ကျန်းမာရေးဌာနတွင် ကျန်းမာရေးမှုံး တစ်ဦးအား ၂၀၂၆ ခုနှစ် အောက်တိုဘာ ၆ ရက်မှစ၍ တာဝန်ချထားပြီးဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ကလေးခရိုင် တာဟန်းကျေးလက်ကျန်းမာရေးဌာနတွင် လစ်လပ်လျက်ရှိသော ဌာနစောင့်တစ်ဦး ခန့်ထားပေးရန်ကိစ္စနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်း ဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ နေ့စား ဝန်ထမ်းခုနစ်ဦးအား အဖြေတမ်းဝန်ထမ်းများအဖြစ်သို့ ခန့်ထားပေးရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဘိုကလေးမဲဆန္ဒနယ်မှ ဦးစန်းမောင်၏ **ဘိုကလေးမြို့နယ် ဟေမန်ကျေးလက်ကျန်းမာရေးဌာနကို ဘိုကိုနယ်ဆေးရုံအဖြစ် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ဟေမန်ကျေးလက်ကျန်းမာရေးဌာန၏ အထွေထွေဆေးခန်းလာ လူနာသစ်/လူနာဟောင်းဦးရေမှာ ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း သိသာစွာတိုးတက်လာမှုမရှိခြင်း၊ လွှမ်းခြုံလူဦးရေ၃၀၀၀ ကျော်ရှိသော်လည်း အနီးဆုံး ဆေးရုံများသို့ သွားရောက်ရန် ၄၅ မိနစ်မှ ၁ နာရီခွဲသာ ကြာမြင့်ခြင်း၊ တိုက်နယ်ဆေးရုံဆောက်လုပ်ရန် မြေနေရာအကျယ်အဝန်း လုံလောက်မှုမရှိခြင်းတို့ ကြောင့် ဟေမန်ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ်တိုးမြှင့်ဖွင့်လှစ်ရန်လတ်တလော အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ထားဝယ်မဲဆန္ဒနယ်မှ ဒေါက်တာကျော်ကျော်ဌေး၏ **ပြည်တွင်းတက္ကသိုလ်များနှင့် နိုင်ငံတကာတက္ကသိုလ်များ ချိတ်ဆက်၍ ပညာသင်ဆုများ ပိုမိုရရှိရေး ဆောင်ရွက်ရန်အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသား ကျောင်းသူများ နိုင်ငံတကာအဆင့်မီ ပညာရေးသင်ယူနိုင်ရေးနှင့် နိုင်ငံတကာပညာသင်ဆု အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်တွင်း တက္ကသိုလ်များနှင့် နိုင်ငံတကာတက္ကသိုလ်များအကြား ပညာရေး၊ သုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ပူးပေါင်းဆောင်ရွက် လျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၁-၂၀၂၅ ခုနှစ်အတွင်း ပြည်ပနိုင်ငံများသို့သင်တန်း များစေလွှတ်လျက်ရှိရာ ပါရဂူဘွဲ့အတွက် ၈၁ ဦး၊ မဟာဘွဲ့အတွက် ၂၆ ဦး၊ ဒီပလိုမာသင်တန်းအတွက် ၁၂ ဦးနှင့် အခြားသင်တန်းများအတွက် ၁၃၂ ဦး စေလွှတ်ခဲ့ပြီး စုစုပေါင်းသင်တန်းသား ၂၅၁ ဦး စေလွှတ်ပြီးဖြစ်ပါကြောင်း။

လက်ရှိအနေဖြင့် ပြည်ပနိုင်ငံများတွင် ပါရဂူဘွဲ့ တက်ရောက်ရန် စေလွှတ်ထားသော သင်တန်းသား ၃၂ ဦးရှိပြီး မဟာဘွဲ့တက်ရောက်ရန် စေလွှတ်ထား သော သင်တန်းသားသုံးဦးရှိပါကြောင်း၊ ပညာရေး ဝန်ကြီးဌာနမှ လက်ရှိတွင် နိုင်ငံပေါင်း ကိုးနိုင်ငံသို့ ပညာတော်သင် သင်တန်းသား စုစုပေါင်း ၆၉ ဦး စေလွှတ်လျက်ရှိပါကြောင်း၊ ပြည်တွင်းတက္ကသိုလ်များ နှင့် နိုင်ငံတကာရှိတက္ကသိုလ်များ ချိတ်ဆက်၍ နိုင်ငံတကာအဆင့်မီ ပညာသင်ကြားနိုင်ရန်နှင့် ပညာ သင်ဆုများရရှိရေးအတွက် (MoU) နားလည်မှုစာချွန် လွှာများ လက်မှတ်ရေးထိုးနိုင်ရန် ဆောင်ရွက်လျက်ရှိ ပါကြောင်းနှင့် ပညာသင်ဆုများတိုးမြှင့်ရရှိစေရေး အတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါ ကြောင်း ပြန်လည်ဖြေကြားသည်။

ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင်၏ **ပုဂ္ဂလိကပညာရေးဥပဒေအရ ဒုတိယအမျိုးအစား ကိုယ်ပိုင်ကျောင်း သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ အမည်များကို မြန်မာဘာသာဖြင့် ဖြစ်စေရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ပညာရေးဝန်ကြီး ဌာနအနေဖြင့် ပုဂ္ဂလိကပညာရေးဥပဒေပုဒ်မ ၁၅ ပုဒ်မခွဲ(က)နှင့် (ခ)အရ မှတ်ပုံတင်လက်မှတ်ထုတ်ပေး ထားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအဆင့်မြှင့် ပညာကျောင်း၊ နိုင်ငံတကာ သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားသောကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများအား လုံးဝ အမျိုးသားသင်ရိုးညွှန်းတမ်းဖြင့် သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများအားလုံး၏ အမည်များ မြန်မာဘာသာဖြင့် တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း၊ နိုင်ငံ တကာသင်ရိုးသင်ကျောင်းများသည် နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက်ရာတွင်လည်းကောင်း၊ အသိအမှတ်ပြုမှု accreditation ရယူရာတွင်လည်း ကောင်း၊ မူရင်းအမည်မှာ ပိုမိုသင့်တော်ပါကြောင်းနှင့် တရားဝင်ရုံးသုံးစာရွက်စာတမ်းများတွင် မြန်မာ ဘာသာဖြင့် အသုံးပြုလျက်ရှိပါကြောင်း ပြန်လည် ဖြေကြားသည်။

ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးစောမောင်၏ **ပညာရေးဝန်ထမ်းများအား ရာထူးတိုးပြောင်းရွှေ့ ခန့်ထားရာတွင် "စံ" များထားရှိရေး အစီအစဉ်ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်း မောင်သိန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် အဆင့်မြင့်ပညာဦးစီးဌာနရှိ သင်ကြားရေးဆရာ ဆရာမများနှင့် စီမံခန့်ခွဲရေးဝန်ထမ်းများ၏ ရာထူး တိုးမြှင့်ခြင်းနှင့် ပြောင်းရွှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက် ရာတွင် ရာထူးတိုးမြှင့်ခန့်ထားခြင်းအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ အတည်ပြုချက်ရယူပြီး သော ရာထူးအမျိုးအစားအလိုက် အနည်းဆုံးလိုအပ် သောပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်း သတ်မှတ်ချက်များဖြင့်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများတွင် ပါရှိသော ရာထူးတိုးမြှင့်ခြင်း ဆိုင်ရာ တန်းစီဇယားပုံစံများဖြင့်လည်းကောင်း၊ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခြင်းအတွက် တန်းစီဇယားမူ များကို တက္ကသိုလ်များမှ သက်ဆိုင်ရာပုဂ္ဂိုလ်များ ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ပြီး ရရှိလာ သောမူများဖြင့် တိကျစွာစီစစ်ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ ဆရာအတတ်ပညာဦးစီးဌာနရှိ သင်ကြား ရေး ဆရာ ဆရာမများနှင့် စီမံခန့်ခွဲရေးဝန်ထမ်းများ၏ ရာထူးအားလုံးအတွက် ရာထူးတိုးမြှင့်ခန့်ထားခြင်း၊ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်း၊ ပြောင်းရွှေ့ လျှောက်ထားရာတွင် အနည်းဆုံးတာဝန်ထမ်းဆောင် ရမည့် နှစ်များသတ်မှတ်ခြင်း၊ အနေကြာသတ်မှတ် ခြင်း၊ အနေကြာသတ်မှတ်ချက်မှ ကင်းလွတ်ခြင်း၊ မိသားစုပေါင်းစည်းခြင်း (ပညာရေးနှင့် အခြားဝန်ကြီး ဌာန)နှင့် ရာထူးတိုး/ပြောင်းရွှေ့အမိန့်စာများ ထုတ်ပြန် ခြင်းတို့ကို စံများသတ်မှတ်ထားရှိ ဆောင်ရွက်လျက် ရှိပါကြောင်း။

အခြေခံပညာဦးစီးဌာနရှိ ပညာရေးဝန်ထမ်းများ၏ ရာထူးတိုး၊ အပြောင်းအရွှေ့ ရာထူးပြောင်း၊ ရာထူး (တာဝန်ပြောင်း)နှင့် ရာထူးဝင်ပေါက်ခန့်ထားရေး များအား အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်၏ ဦးဆောင်မှုဖြင့် ဒုတိယညွှန်ကြားရေးမှူးချုပ် များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီး (ပညာရေးစီမံ ခန့်ခွဲမှုသင်တန်းကျောင်း) တို့ပါဝင်သည့် လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များဖြင့် ပြင်ဆင် ရေးဆွဲသတ်မှတ် အတည်ပြု၍ ခွင့်ပြုခဲ့သောသတ်မှတ် ချက်များအတိုင်း အခြေခံပညာရေးဝန်ထမ်းများ၏ ရာထူးတိုး/ ပြောင်းကိစ္စရပ်များကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်ပြိုင်တည်းဆောင်ရွက်လျက် ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ပညာရေးနှင့်ကြီးဌာနရှိ ပညာရေးဝန်ထမ်းများ၏ ရာထူးတိုး၊ ပြောင်းရွှေ့ခြင်း ကိစ္စများကို သတ်မှတ်ထားသည့်စံများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုသိမ်မဲဆန္ဒနယ်မှ ဦးသန်းထွန်း၏ **ပုဂ္ဂလိက ကျောင်းများနှင့် ပြည်ပနိုင်ငံများမှရရှိသော ဘွဲ့များအား မည်ကဲ့သို့အသိအမှတ်ပြုထားကြောင်းနှင့် နိုင်ငံ့ တာဝန်ထမ်းဆောင်ခွင့်ရရှိရေးအတွက် မည်ကဲ့သို့ စီမံထားရှိမှုအား သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက မြန်မာနိုင်ငံတွင် ပုဂ္ဂလိကပညာသင်ကျောင်းများနှင့် နိုင်ငံတကာ သင်ရိုးညွှန်းတမ်းဖြင့်သင်ကြားသော ပုဂ္ဂလိကကျောင်း များ၌ ဘွဲ့/ မဟာဘွဲ့/ ပါရဂူဘွဲ့များနှင့် ပြည်ပနိုင်ငံ များမှရရှိထားသော ဘွဲ့များနှင့်စပ်လျဉ်း၍ ပညာရေး ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကပညာရေးဥပဒေပုဒ်မ ၃၈၊ ၃၉ နှင့် ၄၀ တွင် ဖော်ပြထားသော ပုဂ္ဂလိက ကျောင်းဆရာအရည်အချင်း သတ်မှတ်ချက် တစ်ရပ်ရပ်နှင့်ကိုက်ညီပါက သက်ဆိုင်ရာပုဂ္ဂလိက အခြေခံပညာ ကျောင်းဆရာအဖြစ်လည်းကောင်း၊ ပုဂ္ဂလိကအဆင့်မြင့်ပညာ ကျောင်းဆရာအဖြစ် လည်းကောင်း၊ ပုဂ္ဂလိကနည်းပညာနှင့် သက်မွေး ဆိုင်ရာပညာရေးနှင့် လေ့ကျင့်ရေးကျောင်းဆရာ အဖြစ်လည်းကောင်း လျှောက်ထားနိုင်ပြီး ပုဂ္ဂလိက ကျောင်းဆရာအဖြစ် လျှောက်ထားသူများသည် DCS (Disloyal Civil Servant) ကင်းရှင်း၍ ရရှိသောဘွဲ့ မှန်ကန်မှုရှိပါက သက်ဆိုင်ရာပုဂ္ဂလိက ကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ထုတ်ပေး၍ အသိအမှတ်ပြုထား ပါကြောင်းနှင့် နိုင်ငံ့ဝန်ထမ်းအဖြစ် လျှောက်ထားလို ပါက သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့် ကြော်ငြာစာများနှင့်အညီလျှောက်ထားနိုင်ပါကြောင်း နှင့် ပုဂ္ဂလိကကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင် ခြင်းသည်လည်း နိုင်ငံ့တာဝန်ထမ်းဆောင်ခြင်းပင် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ရုပ်ရှင်ပိုင် ပြီးအစည်းအဝေး ၁၉ ရက်မြောက်နေ့ကိုအောက်တိုဘာ ၂၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ ကျင်းပစဉ်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ



နေပြည်တော် အောက်တိုဘာ ၁၉

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အနေဖြင့် ရေရှည်တည်တံ့ ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး လုပ်ငန်းစဉ်များ ဖော်ဆောင်နိုင်ရန်ရည်ရွယ်၍ နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ ကိုယ်စားလှယ်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၂၀) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ဝင်များဖြစ်သည့် နိုင်ငံရေးပါတီများမှဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူတကွ ယှဉ်တွဲနေထိုင်သည့် ပြည်ထောင်စုနိုင်ငံ ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အနေဖြင့် သက်ဆိုင်သူများနှင့် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီသည် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ NCA လက်မှတ်မရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း၊ အဆိုပါ ဆွေးနွေးမှုများမှ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင်၊ ဖြည့်စွက်ရန် ၄၃ ချက် သဘောတူနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးသွားရန် နိုင်ငံတော်သမ္မတက ပေးပို့ထားပြီးဖြစ်ကြောင်း၊ လူအဖွဲ့အစည်းအတွင်း ကွဲပြားစေသည့် အကြောင်းရင်းများကို သုတေသနပြုဖော်ထုတ်၍ နိုင်ငံရေးပါတီများ၏ ကွန်ရက်ကို အသုံးပြုကာ လူထုစုစည်းရေး၊ ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးတွင် ပိုမိုပါဝင်လာအောင် ဆောင်ရွက်ရန်လို ကြောင်း၊ ဘာသာပေါင်းစုံကွဲပြားနေသော ပြည်သူများကို နိုင်ငံရေးပါတီများက ပေါင်းစည်းပေးစေလို ပြီး လူမှုသဟဇာတဖြစ်ရေးကို ဆောင်ရွက်သွားရန် လိုကြောင်း၊ အလုပ်အဖွဲ့အနေဖြင့် နေရပ်စွန့်ခွာသူများအား ကူညီဆောင်ရွက်ပေးနိုင်ရေး လှုပ်ရှားမှုများကို သီခြားခြဲ ဖွဲ့စည်းဆောင်ရွက်နိုင်ကြောင်း၊ နေရပ်ပြန်မည့် နေရပ်စွန့်ခွာသူများအတွက် ရေရှည်အသက်မွေးဝမ်းကျောင်း ဆိုင်ရာ မူဝါဒများ ဆွေးနွေးရန်နှင့် အစိုးရ၏ လုပ်ဆောင်ချက်များတွင် ပေါင်းစပ် အကူအညီပေးစေလို ကြောင်း၊ ကယား၊ ချင်း၊ ပအိုဝ်း ဒေသများ၌ပြည်သူများ၏ နေရပ်ပြန်ရေး၊ လုံခြုံရေး၊ စားဝတ်နေရေးနှင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကို ကူညီဖြေရှင်းပေးစေလိုကြောင်း၊ နိုင်ငံရေးပါတီများသည် ပြည်သူလူထုကိုယ်စားပြုသော အဖွဲ့အစည်းဖြစ်ကြောင်း၊ မိဒီယာကိုအသုံးချ၍ အစိုးရနှင့် ပြည်သူ၊ တပ်မတော်နှင့် ပြည်သူ၊ ပြည်သူနှင့်ပြည်သူအကြား အမြင်ကွဲပြားအောင် ဆောင်ရွက်ကြကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ကုန်စည်စီးဆင်းမှု ကောင်းမွန်ရေးအတွက် ပြည်သူ့ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြတောင်းဆိုချက်များ အပေါ်တွင် လိုအပ်သလို အရေးယူဆောင်ရွက်မှုများ ပြုလုပ်ပေးနေကြောင်း၊ နိုင်ငံရေးပါတီများ အနေဖြင့်လည်း အတူတကွ လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားအဖွဲ့ခေါင်းဆောင် ဒေါက်တာအောင်မြတ်ဦးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ပါဝင်ဆွေးနွေးဆောင်ရွက်နိုင်ရန် နိုင်ငံရေးပါတီအစုအဖွဲ့ကို စုဖွဲ့မှုပုံစံအသစ် စုဖွဲ့ပေးထားသဖြင့် တွေ့ဆုံဆွေးနွေးမှုသည် ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်း၊ ယခင်က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်၊ ဖြည့်စွက်နိုင်ရေးသာ ဆွေးနွေးခဲ့ကြပြီး ယခုငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုပါ ပါဝင်ဆောင်ရွက်ခွင့်ပေးသည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအား ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံရေးပါတီများအနေဖြင့် မည်သို့ဖွဲ့စည်းပြီး မည်သို့ပါဝင်ဆောင်ရွက်သွားသင့်သည်ဆိုသည်ကို ဆွေးနွေးသွားကြမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီများမှ မိမိတို့ဒေသအတွင်းရှိ ပြည်သူလူထုအား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပိုမို ပါဝင်ဆောင်ရွက်ရေး ကြိုးပမ်းသွားကြမည်ဖြစ်ကြောင်း၊ ပဋိပက္ခဒဏ်ခံစားနေကြရသော ဒေသခံပြည်သူများ၏ လိုလားချက်များ၊ တောင်းဆိုမှုများအား သိရှိအောင်ဆောင်ရွက်ပြီး လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးနိုင်ရေး လုပ်ဆောင်ပေးသွားကြမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆွေးနွေးမှုအစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြရာ နိုင်ငံရေးပါတီများ အစုအဖွဲ့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ အားလုံး ပါဝင်ရေးအတွက် ကြားဝင်စေ့စပ်ဆောင်ရွက်ရာတွင် ပါတီအစုအဖွဲ့မှ လုပ်ဆောင်သွားမည့် အစီအစဉ်ကို အချင်းချင်းညှိနှိုင်းပြီး ညှိနှိုင်းရေးကော်မတီသို့ တင်ပြသွားမည့် ကိစ္စ၊ ပဋိပက္ခဖြစ်ပွားရာဒေသများတွင် ဒေသတည်ငြိမ်အေးချမ်းရေး၊ ပြည်သူလူထု၏ လူမှုဘီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အမြင်သဘောထားများကို ဆန်းစစ်ကောက်ယူဆောင်ရွက်သွားရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ကြားဝင်ဆောင်ရွက်ပေးနိုင်မည့် အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များအား ချိတ်ဆက်ဆောင်ရွက်သွားရေး၊ ယုံကြည်မှုတည်ဆောက်နိုင်ရန် အစိုးရနှင့် လက်နက်ကိုင်အဖွဲ့များ တွေ့ဆုံဆွေးနွေးရန်လိုပြီး အစိုးရနှင့် ပြည်သူအကြား လူမှုသဟဇာတဖြစ်ပေါ်စေရေးအစီအမံများ ချမှတ်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများ အပါအဝင် နိုင်ငံရေးပါတီများကို ဒေသအလိုက်ငြိမ်းချမ်းရေးတွင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်ဆောင်ရွက်သွားမည့် ကိစ္စတို့ကို ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ရှင်းလင်းဆွေးနွေးရာတွင် နိုင်ငံရေးပါတီများအနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၏ ငြိမ်းချမ်းရေးဆောင်ရွက်မှု လုပ်ငန်းစဉ်များ အပေါ်တွင် ကျယ်ပြန့်စွာ သိရှိနားလည်ပြီး နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသော ငြိမ်းချမ်းရေးမူဝါဒများ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၏ လက်ရှိဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အပေါ် ပိုမိုလေးနက်စွာနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် ပိုမို အထောက်အကူပြုရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မပါဝင်သေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရေး၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ပူးပေါင်းညှိနှိုင်း ဖြေရှင်းရေး၊ ဒေသအလိုက်မတူညီသော အခြေအနေများအပေါ် အခြေခံပြီး နိုင်ငံရေးပါတီ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ တိုင်းဒေသကြီး / ပြည်နယ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရန် နည်းလမ်းများ ၊ မိဒီယာနှင့် လူထုထိတွေ့ဆက်ဆံရေး လိုအပ်ချက်များနှင့် နိုင်ငံရေးပါတီများ၏ ဆွေးနွေးချက်များ အပေါ် ပြန်လည်ရှင်းလင်း တင်ပြဆွေးနွေးသည်။

ယင်းနောက် ပထမနေ့ဆွေးနွေးပွဲကို ရပ်နားပြီး ဆွေးနွေးပွဲ ဒုတိယနေ့ကို အောက်တိုဘာ ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးခိုင်ဇော်လင်း၊ မြို့နယ်စီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်ကိုကိုသက်နှင့် တာဝန်ရှိသူတို့ပူးပေါင်း၍ မြို့မစွေးအတွင်း အောက်တိုဘာ ၁၈ ရက်က မီးငြိမ်းသတ်မှု သရုပ်ပြဇာတ်တိုတ်လေ့ကျင့်ဆောင်ရွက်စဉ်။ ဝိုးတောင်း

ဟင်္သာတမြို့နယ်၌ ဝက်သက်၊ ဂျုံက်သိုး ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံ

ဟင်္သာတ အောက်တိုဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် ဝက်သက်၊ ဂျုံက်သိုး ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်းကို ယနေ့ နံနက်ပိုင်းက မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။

ကာကွယ်ဆေးထပ်ဆောင်းထိုးနှံရာသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးဟန်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပိုင်းဝန်းကျည် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဟင်္သာတမြို့နယ်အတွင်းရှိ အသက် ကိုးလမှ ငါးနှစ်အောက် ကလေး



ငယ်များအား ဆေးထိုးအဖွဲ့ ၆၅ ဖွဲ့ဖြင့် ဆေးထိုးနှံစုရပ် ၂၉၃ နေရာများ၌ အောက်တိုဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ထိုးနှံပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၁၉

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။ ရွာနေရ ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဧလ

အထည်များကို Made in Myanmar ဖြင့် Export တင်ပို့ပြီး နိုင်ငံခြားဝင်ငွေရရှိရေးသည် အရေးကြီးသည့်အတွက် အရည်အသွေးကောင်းမွန်မှုရှိစေရေး စနစ်တကျစစ်ဆေးဆောင်ရွက်သွားရန် ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း မှာကြား



နေပြည်တော် အောက်တိုဘာ ၁၉

စက်ရုံမှထွက်ရှိသော အထည်များကို Made in Myanmar ဖြင့် Export တင်ပို့ပြီး နိုင်ငံခြားဝင်ငွေရရှိရေးသည် အရေးကြီးသည့်အတွက် အရည်အသွေးကောင်းမွန်မှုရှိစေရေး စနစ်တကျစစ်ဆေးဆောင်ရွက်သွားရန် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် ယနေ့နံနက်ပိုင်းက အင်းစိန်မြို့နယ် သီရိစန္ဒာအထည်ချုပ်နှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလိမိတက်၏ အထည်ချုပ်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် စက်ရုံတာဝန်ရှိသူများအား မှာကြားသည်။

ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပမှ ချည်ဝယ်ယူတင်သွင်းမှုကို လျော့ချနိုင်ရေး၊ နိုင်ငံခြားငွေသုံးစွဲမှုလျော့ချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အထည်ချုပ်စက်ရုံများအတွက် လိုအပ်သော ချည်ထည်နှင့် ကုန်ကြမ်းများရရှိရေးနှင့် ဝါစက်ရုံ၊ ချည်စက်ရုံများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အထည်ချုပ်လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်မှသာ စက်ရုံအပေါ် မှီခိုနေသည့် အလုပ်သမား ၇၀၀ ကျော် အလုပ်အကိုင်များ ရရှိမည်ဖြစ်သကဲ့သို့ ကုန်ထုတ်လုပ်မှုများလည်း အဆင်ပြေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထိုသို့ သွားရောက်စဉ် စက်ရုံတာဝန်ရှိသူများက စက်ရုံအနေဖြင့် အထည်ချုပ်အလုပ်သမား ဦးရေ ၇၀၀ ကျော်ဖြင့် နေ့စဉ်လည်ပတ်ထုတ်လုပ်နိုင်မှု၊ ဂျပန်နိုင်ငံနှင့် ဥရောပနိုင်ငံများသို့ Export တင်ပို့နိုင်မှု အခြေအနေကို ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



သံအမတ်ကြီး ဦးစိုးသက်နောင် ဘရူနိုင်းဒါရုဿလမ်နိုင်ငံ ဘုရင်မင်းမြတ်ထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် အောက်တိုဘာ ၁၉

ဘရူနိုင်းဒါရုဿလမ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးသက်နောင်သည် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်တွင် ဘရူနိုင်းဒါရုဿလမ်နိုင်ငံ၊ အီစတာနာနန်းတော်၌ ဘရူနိုင်းဒါရုဿလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီဟာဆနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒ္ဒိလာ အမ်နီ အယ်လ်မာဟွန် ဆူလ်တန် ဟာဂျီ အိုမာအလီ ဆိုင်ဖူဒင် ဆအာဒူလ် ခိုင်ရီ ဝါဒင် ထံသို့ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

သတင်းစဉ်

ပျဉ်းမနားမြို့နယ်၌ အခွန်ပညာပေးဆွေးနွေး



ပျဉ်းမနား အောက်တိုဘာ ၁၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် အခွန်ဦးစီးဌာနမှုးရုံးအနေဖြင့် အခွန်ဘဏ္ဍာငွေများ အပြည့်အဝ ကောက်ခံရရှိရေးနှင့် အခွန်ရငွေပိုမိုတိုးတက်ရရှိရေးအတွက် အခွန်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အခွန်ပေးဆောင်ရမည့်အခြေအနေနှင့် သက်သာခွင့်ရရှိမည့် အခြေအနေများ စသည့် အခွန်ဆိုင်ရာကိစ္စရပ်များ အသိပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူးက အခွန်အကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသည့် အခွန်ထမ်းပြည်သူများ၏ သိရှိလိုသည့် မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မြို့မဈေး၌ အောက်တိုဘာ ၁၈ ရက်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်စခန်းမှူး ဦးအောင်စိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူးတို့ ပူးပေါင်း၍ တာဝန်ရှိသူများက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။

မျိုးလှိုင်(တွံတေး)

ဖြူးချောင်း သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်



ဖြူး အောက်တိုဘာ ၁၉

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ မြစ်၊ ချောင်း သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက ဖြူးချောင်း တံတားအောက် ဖြူးချောင်း သဘာဝရေပြင်၌ ပြုလုပ်သည်။

ထိုသို့ ငါးမျိုးစိုက်ထည့်ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းနိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်နှင့်အဖွဲ့ဝင်များ၊ ပဲခူးငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးကျော်စွာဝင်း၊ ဖြူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်သန်းသန်းအေးနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများသည် ငါးခုံးမကြီး တစ်သိန်း၊ ငါးမြစ်ချင်း တစ်သိန်း စုစုပေါင်း ငါးသားပေါက်နှစ်သိန်းတို့ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

မင်းလှမြို့နယ်၌ တောင်သူပညာပေးဆွေးနွေးပွဲပြုလုပ်

မင်းလှ အောက်တိုဘာ ၁၉

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်းနေကြာသီးနှံ တိုးချဲ့စိုက်ပျိုးရေးနှင့်ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူပညာပေးဆွေးနွေးပွဲကို ကရင်တာအိမ်ကျေးရွာ၌ အောက်တိုဘာ ၁၉ ရက်နံနက်ပိုင်းက ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူးက ဆောင်းနေကြာ တိုးချဲ့စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့် အသုံးပြုစိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး စသည်တို့ကို ဆွေးနွေးသည်။



ဆွေးနွေး

ထို့ပြင် နွေဝါးရာသီတွင် စွေးကွက် ကောင်းမွန်သော ရေဆင်းပေါ်ဆန်း - ၁၊ ရေဆင်းပေါ်ဆန်း - ၂ စပါးမျိုးများ တိုးချဲ့စိုက်ပျိုးရေး၊ ဆောင်းဆီထွက်ပဲပုပ် တိုးချဲ့စိုက်ပျိုးရေးနှင့် တောင်သူများ သုံးစွဲလျက်ရှိသော အမှီနီယမ်ဆာလဖိတ် မြေဩဇာအသုံးပြုရာတွင် ထုတ်ပြန်ထားသည့် သတိပေးနှီးဆော်ချက်များအား လိုက်နာဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ပေါက်စ(မင်းလှ)

တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်ရှိ ပန်းတင်လမ်းမဘေး ဘဲဥရေလှောင်ကန်နှင့် ပန်းတင်လမ်း ကွန်ကရစ်ခင်း

တောင်ကြီး အောက်တိုဘာ ၁၉

တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်ရှိ ဘဲဥရေလှောင်ကန်နှင့် ပန်းတင်လမ်းမကြီး ကွန်ကရစ်ခင်း နေမှုကို ယနေ့ညနေပိုင်းက ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့်အတူ ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ဘဲဥ ရေလှောင်ကန်အား လုံခြုံမှု ရှိအောင် ဆောင်ရွက်ထားရှိရန်နှင့် သုံးရေအတွက် လုံလောက်မှု ရှိစေရေး စနစ်တကျထိန်းသိမ်း ဖြန့်ဝေပေးရန် လိုအပ်ပါကြောင်း၊ အယ်လ်နီညိုဖြစ်စဉ် ကာလတွင် လည်း ရေများခန်းခြောက်မှု မဖြစ် ပွားစေရန်နှင့် နွေရာသီကာလတွင် လည်း ရေများ လုံလောက်မှုရှိ စေရန်၊ စနစ်တကျထိန်းသိမ်း စောင့်ရှောက်သွားရန် လိုအပ် ကြောင်း ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပန်းတင် လမ်းကြီး ပေ(၁၅၈၀ x ၁၈ x ၈) ကွန်ကရစ် လမ်းခင်းနေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးသိန်းဝင်းက လုပ်ငန်းဆောင်ရွက်နေမှု အခြေ အနေများနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ် ဖြည်းဆည်း ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)



နတ်တလင်းမြို့နယ်၌ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား UID ကတ်များ ဆက်ကပ်

နတ်တလင်း အောက်တိုဘာ ၁၉

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက မြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား UID ကတ်များ ဆက်ကပ်ခြင်းကို အောက်တိုဘာ ၁၇ ရက်က သာဓုခေါ်ကွက် သန္တိသုခ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဆောင်ရွက်သည်။

UID ကတ်များ ဆောင်ရွက်ပေးနေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နတ်တလင်းခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူး နှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးပြီး ဆရာတော်၊ သံဃာတော်များနှင့် သီလရှင် ၁၅၅ ပါးအား UID ကတ်များကို ဆက်ကပ်ပေးခဲ့ကြောင်း သိရသည်။

ဝေယံဖြိုး(နတ်တလင်း)



အယ်လ်နီညိုဖြစ်စဉ်ကြောင့် မီးလောင်မှု/မီးလန့်မှုများမဖြစ်ပွားစေရေးနှင့် ဖြစ်ပွားလာပါက ထိရောက်လျင်မြန်စွာငြိမ်းသတ်နိုင်ရေး အတွက် အောက်တိုဘာ ၁၉ ရက်က ဧရာဝတီတိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး၌ တပ်ဆင်ထားသော အရေးပေါ်မီးငြိမ်းသတ်ရေးပစ္စည်း ကိရိယာများ အသင့်အသုံးပြုနိုင်ခြင်း ရှိ/မရှိကို ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဆောင်၍ ခရိုင်မီးသတ်ဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့က ကွင်းဆင်း စစ်ဆေးစဉ်။

ကိုကိုဇော်


အကျဉ်းသူ ဒေါ်အောင်ဆန်းစုကြည်ထံ ဖြတိန်နိုင်ငံ တတိယမြောက် ချုပ်စဉ်ဘုရင်က စာအုပ် ၂ အုပ် အိတ်ပိတ်စာအိတ် ၁ အိတ်နှင့် သံတမန်အိတ်ပိတ်စာ ပေးပို့

နေပြည်တော် အောက်တိုဘာ ၁၉


ပြည်ထဲရေးဝန်ကြီးဌာန တာဝန်ရှိသူများကယနေ့ နံနက်ပိုင်းတွင် အကျဉ်းသူ ဒေါ်အောင်ဆန်းစုကြည်ထံ ဖြတိန်နိုင်ငံ တတိယမြောက် ချုပ်စဉ်ဘုရင်က ပေးပို့ သည့် စာအုပ် ၂ အုပ် (The Land Gardeners – Soil to Table နှင့် Soil The World at Our Feet) အိတ်ပိတ်စာအိတ် ၁ အိတ်နှင့် သံတမန်အိတ်ပိတ်စာ တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်



အကျဉ်းသူ ဒေါ်အောင်ဆန်းစုကြည်ထံသို့ ပေးပို့ခဲ့သည့် စာအုပ်များ။



Soil The World at Our Feet



The Land Gardeners – Soil to Table

ကြံခင်းမြို့၌ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံ

ကြံခင်း အောက်တိုဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန သင်တန်းခန်းမ၌ ယနေ့ နံနက်ပိုင်းက ဝက်သက်၊ ဂျိုက်သိုး ရောဂါကာကွယ်ဆေး ထပ်ဆောင်း ထိုးနှံပေးသည်။

ဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ် ရေးမှူးက အမှာစကားပြောကြား ပြီး မြို့နယ်ကုသရေးနှင့် ပြည်သူ့ ကျန်းမာရေး ဦးစီးဌာနမှူးက ကြံခင်းမြို့နယ်အတွင်း ကာကွယ် ဆေးကို စုရုပ်နေရာ ၈၄ ခုဖြင့် ကလေး ၄၇၂၆ ဦးအား ထိုးနှံပေး သွားမည့် အစီအစဉ်ကို ရှင်းလင်း ပြောကြားသည်။



ထို့နောက် ဌာနဆိုင်ရာများနှင့် လူမှုရေး အသင်းအဖွဲ့များက ရွာသစ်ရပ်ကွက်ရှိ အသက် ၉ လ မှ ၅၉ လအထိ ကလေးငယ်များ အား မြို့နယ် ပြည်သူ့ကျန်းမာရေး ဌာနမှ ဝန်ထမ်းများက ကာကွယ် ဆေးမထိုးမီကိုယ်အပူချိန်တိုင်းတာ ခြင်းနှင့် ကိုယ်အလေးချိန် ချိန်ပေး ခြင်း၊ ကာကွယ်ဆေးထပ်ဆောင်း ထိုးနှံပေးနေမှုများကို ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အင်းစိန်မြို့မဈေးကြီးနှင့် အခြားဈေးများ ရှိ ဈေးဆိုင်ခန်းများအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် ဈေးသူ ဈေးသားများအား မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့် အသိပညာပေးစစ်ဆေးခြင်းလုပ်ငန်းများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍ အောက်တိုဘာ ၁၈ ရက်က ဆောင်ရွက်စဉ်။

ထွန်းလင်းကျော်(ပြန်/ဆက်)

အင်အား အနည်းငယ်ရှိ မြေလျှင်တစ်ခု လှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၁၉

ယနေ့ မွန်းလွဲ ၁၂ နာရီ ၅၉ မိနစ် ၄၁ စက္ကန့်တွင် ဟားခါးမြေငလျင်စခန်းမှ မြောက်-အနောက် မြောက်ဘက် ၅၁ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(တီးတိန်မြို့၏ အနောက်ဘက် ၉ မိုင် ခန့်အကွာ)မြောက်လတ္တီတွဒ် ၂၃ ဒသမ ၃၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၅၂ ဒီဂရီ၊ အနက် ၁၂ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၇(M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင် တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။


မိုး/ဇလ

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ အသုံးရ

4G ကွန်ရက်မှသည် NSA နှင့် SA နည်းပညာများဖြင့် 5G ကွန်ရက်သို့

မောင်ဖိုးသား

သောကြာနေ့ ညနေခင်း၏ သည်းထန်လှသော မိုးစက်များအောက်တွင် ရန်ကုန်၏ လှည်းတန်းလမ်းဆုံကြီးသည် သံစုံတီးဝိုင်းတစ်ခုပမာ ဆူညံပွက်လောရိုက်နေသည်။ YBS ဘတ်စ်ကားကြီးများ၏ ဟွန်းသံရှည်များ၊ ဒီးဇို့ဂ့်ခ်၍ တန်းစီစောင့်ဆိုင်းနေသော ကားများ၏ မီးနီရောင်ပြန်ဟပ်မှုများနှင့်အတူ ရုံးဆင်းချိန် လမ်းလျှောက်သူများ၏ ထီးရောင်စုံတို့သည် မိုးရေထဲတွင် ရွှပ်ထွေးပွေလီလျက်ရှိ၏။ လမ်းဘေး သွပ်မိုး စိမ်းစိမ်းအောက်ရှိ လက်ဖက်ရည်ဆိုင်လေးထဲတွင်မူ ရေနွေးငွေ့တထောင်းထောင်းနှင့် စမူဆာကြော်နံ့တို့က သင်းပျံ့နေသည်။



ဖုန်းမှ application တစ်ခုအထိ mobile data သွားရသည့် ရိုးရှင်းသောလမ်းကြောင်း။

အသက် ၂၅ နှစ်အရွယ် ရုံးဝန်ထမ်းလုလင် ကိုထက်တစ်ယောက် တစ်ပတ်လုံးပင်ပန်းသမျှကို မေ့ပစ်ရန် လက်ဖက်ရည် ချိုဆိမ့်တစ်ခွက်ကို မော့သောက်ရင်း ဖုန်းမျက်နှာပြင်ကို စိတ်မရှည်စွာ ပွတ်နေမိသည်။ တစ်ပတ်တာ၏ သောကြာနေ့ညနေ ရုံးဆင်းချိန်ဆိုသည်မှာ သူ့အတွက်တော့ လွတ်လပ်မှု၏ အစပြုရာပင်။ အိမ်ပြန်လမ်း လိုင်းကားပေါ် ထိုင်ခုံရချိန်တွင်ဖြစ်စေ၊ သို့မဟုတ် လက်ဖက်ရည်ဆိုင်တွင် ခဏနားစဉ်ဖြစ်စေ သူနှစ်သက်သည့် မိုဘိုင်းဂိမ်းပွဲစဉ်တစ်ပွဲ သို့မဟုတ် အွန်လိုင်းမှ ဗီဒီယို အတိုလေးများ ကြည့်ရှုကာ အနားယူလေ့ရှိသည်။ သို့သော်လည်း ယနေ့ညနေတွင်မူ ထိုအစီအစဉ်မှာ အဆင်မပြေချင်။

ဖုန်းမျက်နှာပြင်ထက်တွင် "4G" အက္ခရာလေး နှင့် လိုင်းတိုင်အပြည့်ပြနေသော်လည်း ဖန်သားပြင် အလယ်တည့်တည့်၌ စက်ပိုင်းမည်းမည်းလေးမှာ မဆုံးနိုင်သော ခရီးတစ်ခုကို သွားနေသကဲ့သို့ မနားတမ်းလည်ပတ်နေဆဲ။ ဗီဒီယိုကလည်း မပွင့်၊ မက်ဆေ့ချ်ကလည်း ထွက်မသွား။ ဂိမ်းဆော့ရန် ပြင်လိုက်လျှင်လည်း "Reconnecting..." ဆိုသည့် စာတမ်းက သူ့အား လှောင်ပြောင်နေသကဲ့သို့ ပေါ်လာပြန်သည်။

"ဟာကွာ... လိုင်းက အပြည့်ပြနေပြီး ဘာလို့ လုံးဝမရတာလဲ။ လူတွေများလို့ လိုင်းကျပ်နေတာလား"

သူမျက်နှာချင်းဆိုင်တွင်မူ လည်ပင်းတွင် ဝန်ထမ်းကတ်ကြိုးလေး ဆွဲထားဆဲဖြစ်သည့် ဦးလေးဖြစ်သူ မောင်ဖိုးသားက ခါးသက်သက်ရေနွေးကြမ်းကို ခွက်ထဲသို့ငုံ့ပေးရင်း ခပ်ပြုံးပြုံးဖြင့် ကြည့်နေသည်။

မောင်ဖိုးသားသည် ဆက်သွယ်ရေး အော်ပရေတာတစ်ခုတွင် ကွန်ရက်တည်ဆောက်ရေး အင်ဂျင်နီယာ (Network Engineer)အဖြစ် လုပ်ကိုင်နေသူဖြစ်ပြီး သောကြာနေ့ မွန်းလွဲပိုင်းတိုင်း မိုဘိုင်းတာဝါတိုင်များနှင့် ကွန်ရက်အခြေစိုက်စခန်းများကို ကွင်းဆင်းစစ်ဆေး (Site Inspection)လေ့ရှိသူဖြစ်သည်။ ယနေ့ညနေ ၄ နာရီခွဲခန့်တွင် လှည်းတန်းနှင့် ကမာရွတ်တစ်စိုက်ရှိ တစ်ပတ်တာ ကွင်းဆင်းအလုပ်များ ပြီးစီးသွားသဖြင့် ရုံးသို့ ပြန်မဝင်တော့ဘဲ သောကြာနေ့ညနေ ရန်ကုန်၏ နာမည်ကြီး ကားပိတ်ချိန်နှင့် မိုးသည်းချိန်ကို ရှောင်လွှဲရန်အတွက် နီးစပ်ရာ လှည်းတန်းရှိ အိမ်ပြန်လမ်းကြုံ ဘူဖြစ်သူ ကိုထက်အား ချိန်းဆိုကာ လက်ဖက်ရည်ဆိုင်တွင် မိုးခိုရင်း ခါးခါးဆိမ့်ဆိမ့် ရေနွေးကြမ်းသောက်နေခြင်း ဖြစ်သည်။

"အေးပေါ့ကွာ... မင်းတို့က ဖုန်းမျက်နှာပြင်ပေါ်မှာ လိုင်းအပြည့်ပြနေရင် ရပြီအောက်မေ့တာကိုး" ဟု မောင်ဖိုးသားက ရေနွေးခွက်လေးကို ကိုထက် ရှေ့သို့ တွန်းပေးလိုက်ရင်း သဘောကျစွာ ရယ်မောလိုက်သည်။

"မင်းဖုန်းကနေ ထွက်သွားတဲ့ Radio Signal က မိုဘိုင်းတာဝါတိုင်ဆီ ကြိုးမဲ့စနစ်နဲ့ ရောက်သွားတယ်။ အဲဒီကမှတစ်ဆင့် အဓိကထိန်းချုပ်ရေးစင်တာဖြစ်တဲ့ Core Network ဆီကို လမ်းကြောင်းဆက်သွားရတာ။ Core Network ဆိုတာ မင်းဘယ်သူလဲ၊ ဘာဝန်ဆောင်မှုသုံးနေတာလဲဆိုတာကို စီမံစစ်ဆေးပေးပြီး Data တွေကို သက်ဆိုင်ရာ App Server ဆီ အမှန်အကန်ရောက်အောင် လမ်းကြောင်းပြပို့ပေးတာ။ အခုလို ရုံးဆင်းချိန် လူတိုင်းအင်တာနက်ပြိုင်သုံးနေတော့ မြင်ရတဲ့ လမ်းမကြီးပေါ်မှာ ယာဉ်ကြောပိတ်ဆို့ပြီး Core Network ကြီး အလုပ်မနိုင်ဖြစ်နေတာပေါ့။"

ကိုထက်က ခေါင်းတငှဲ့ငှဲ့ဖြင့် စိတ်ဝင်စားသွားကာ "ဒါဆို ဦးလေး... 5G ရောက်လာရင် ဒီလို လိုင်းထစ်တာတွေ လုံးဝပျောက်သွားတော့မှာလား" ဟု မေးလိုက်သည်။

"ပြေလည်ရုံတင် ဘယ်ကမလဲကွ၊ ဒီထက် အဆပေါင်းများစွာ ပိုကောင်းသွားမှာ"ဟု မောင်ဖိုးသားက ရေနွေးကြမ်းခွက်ကို ငုံကြည့်နေရာမှ ခေါင်းမော့ကာ ပိုင်နိုင်စွာ ရှင်းပြလိုက်သည်။ "လူတော်တော်များများက 5G ဆိုရင် App တွေကို စက္ကန့်ပိုင်းနဲ့ မြန်မြန်ဆန်ဆန် ရသွားမယ်လို့ ထင်ကြတာ။ တကယ်တော့ 5G ရဲ့ အသက်ဟာ မြန်နှုန်းတင် မဟုတ်ဘူး၊ တုံ့ပြန်ချိန်နှောင့်နှေးမှုကို အနည်းဆုံး ဖြစ်အောင် လျှော့ချပေးနိုင်တာပဲ။ မင်းစဉ်းစားကြည့်... ဖုန်းပေါ်က Radio Signal လိုင်း၊ တာဝါတိုင်၊ အချက်အလက်သယ်တဲ့ Transport Network၊ စီမံခန့်ခွဲတဲ့ Core Network နဲ့ နောက်ဆုံးအက်ပ်မှာရှိတဲ့ App Server အထိ အကုန်လုံးဟာ အချိတ်အဆက်မိမိ လက်ဖြိုင်ပူးပေါင်းလုပ်ဆောင်ကြတာ။ ဒါကြောင့် မင်းဂိမ်းထဲမှာ ခလုတ်တစ်ချက်နှိပ်လိုက်တာနဲ့ ဆာဗာဆီရောက်ပြီး ပြန်တုံ့ပြန်တာက မီလီစက္ကန့်ပိုင်းပဲ ကြာတော့တာမို့ ဂိမ်းဆော့တာ၊ ဗီဒီယို ကြည့်တာတွေမှာ တုံ့ပြန်မှု ပိုမြန်လာသလို Reconnecting ခါးခါးသီးသီး ဖြစ်မနေတော့ဘူး။ အဲဒီအပြင် သင်္ကြန်ပွဲတော်လိုမျိုး၊ ဒါမှမဟုတ် Shopping Mall ကြီးတွေမှာ လူသောင်းနဲ့ချီတစ်ပြိုင်နက်တည်း ဖုန်းသုံးနေကြရင်တောင် လိုင်းပိတ်မသွားဘဲ အားလုံး အဆင်ပြေပြေသုံးနိုင်အောင် တာဝါတိုင်ရဲ့စွမ်းဆောင်ရည်ကိုပါ အဆမတန် မြှင့်တင်ပေးထားတာပေါ့။"

မောင်ဖိုးသားက စားပွဲပေါ်ရှိ ရေနွေးပန်းကန်နှင့် မုန့်ပန်းကန်များကို လက်ညှိုးထိုးပြ၍ ဥပမာပေးကာ ထပ်မံရှင်းပြလိုက်သည်။ ဒီလိုကွာ... "4G ခေတ်တုန်းက တာဝါတိုင်မြန်နေပေမယ့် နောက်ကွယ်က နောက်ကြောင်းပြန်သယ်တဲ့လမ်းကြောင်း ဒါမှမဟုတ် Core Network မှာ ပိတ်ဆို့နေရင် ဟောဒီ ရေနွေးခွက်ထဲ ရေအေးသွားသလို လိုင်းကထစ်နေတာ။ 5G ကျတော့ စားသောက်ဆိုင်တစ်ဆိုင်မှာ မှာယူလိုက်တဲ့ အစားအသောက်ကို စားဖိုမှူး၊ စားပွဲထိုးနဲ့ ပွဲပြင်သူအထိ အဆင့်တိုင်းက ဟန်ချက်ညီညီ လက်ဆင့်ကမ်း အလုပ်လုပ်ပေးလိုက်သလိုမျိုးပဲ။ အစကနေအဆုံး End-to-End ကွန်ရက် လမ်းကြောင်းတစ်ခုလုံးက အနောင့်အယှက်မရှိသန့်ရှင်းချောမွေ့သွားတာကြောင့် မင်းလို ဂိမ်းဆော့သူတွေအတွက် ရေဒီယိုလှိုင်းတုံ့ပြန်ချိန်ရော၊ စနစ်တစ်ခုလုံးရဲ့ တုံ့ပြန်ချိန်ပါ လုံးဝမပြတ်တောက်တော့ဘဲ တကယ့်လက်တွေ့ဘဝထဲမှာ အချိန်နဲ့ တစ်ပြေးညီ ပေါင်းစပ်လှုပ်ရှားနေရသလိုမျိုး ချောမွေ့တဲ့ အတွေ့အကြုံကို ရစေတာပေါ့။"


"ဒါပေမဲ့ ဦးလေးရော... အခု မြို့ထဲမှာ စမ်းသုံးနေကြတဲ့ 5G က ဘာလို့ 4G နဲ့ သိပ်မကွာသလို ခံစားရတာလဲ"ဟု ကိုထက်က မေးလိုက်သည်။

မောင်ဖိုးသားက စားပွဲပေါ်ရှိ ရေနွေးခွက်ကလေးကို သောသို့ နည်းနည်းရွှေ့လိုက်ပြီး စားပွဲပြင်ပေါ်တွင် လက်ညှိုးဖြင့် လမ်းကြောင်းပုံစံဆွဲပြကာ ပိုမိုမြင်သာသည့် ဥပမာတစ်ခုဖြင့် စတင်ရှင်းပြလိုက်သည်။ "မင်း အမြင့်ရှင်းသွားအောင် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးနဲ့ ဥပမာပေးမယ်ကွာ။ ရှိပြီးသား 4G ကွန်ရက်ဆိုတာ ယာဉ်ကြောပြည့်ကျပ်နေတဲ့ လမ်းမကြီးတစ်ခုပေါ့။ အော်ပရေတာတွေက ဒီလမ်းကြီးကို အပြီးဖျက်ပြီး လမ်းသစ်ကြီးချက်ချင်း အစားထိုးဖို့ကျ အချိန်ရော၊ စရိတ်ရော အများကြီး လိုတာကြောင့် လမ်းဟောင်းကြီးဘေးမှာတင် ကားကြီးတွေ အမြန်မောင်းလို့ရတဲ့ '5G Fast Lane' ဆိုတဲ့ အမြန်လမ်းသစ်တစ်လိုင်းကို ကပ်ပြီး ထပ်တိုးပေးလိုက်တာ။ နည်းပညာမှာ ဒါကို NSA (Non-Standalone) လို့ ခေါ်တယ်။ မင်းဖုန်းက ကွန်ရက်နဲ့စတင်ချိတ်ဆက်တာ၊ လုံခြုံရေးစစ်တာနဲ့ မြို့ထဲရွှေ့လျားသွားလာတဲ့အခါ လိုင်းမပြတ်အောင်ထိန်းပေးတာ (Mobility) တွေကို 4G ထိန်းချုပ်ရေး စင်တာ (4G Core)ကပဲ ဆက်လက်တာဝန်ယူပေးထားပြီး 5G Radio လှိုင်းကတော့ Data အများကြီးကို အမြန်ဆုံးသယ်ဆောင်ပေးတဲ့ 'Fast Lane' လမ်းကြောင်းအဖြစ် အားဖြည့်ပေးတာပေါ့။"

"အဲဒီတော့ သုံးစွဲသူ မင်းတို့ဘက်ကကြည့်ရင် 4G နဲ့ 5G လိုင်းနှစ်ခုစလုံးရဲ့ အားသာချက်ကို ပေါင်းစပ်အသုံးချခွင့် ရသွားတာပေါ့။ အော်ပရေတာတွေဘက်ကလည်း ရှိပြီးသား မိုဘိုင်းတာဝါတိုင်တွေ၊ Core Network တွေနဲ့ ဖုန်းခေါ်တဲ့ VoLTE စနစ်တွေကို အပြည့်အဝ ပြန်အသုံးချလို့ရတာကြောင့် 5G ဝန်ဆောင်မှုကို ပြည်သူတွေဆီ အမြန်ဆုံးဖြန့်ကြက်ပေးနိုင်တာဖြစ်တယ်။ မင်းလှည်းတန်းကနေ စမ်းချောင်းဘက်ကို ကားနဲ့ သွားနေချိန်မှာ 4G က ဆက်သွယ်မှုမပြတ်တောက်အောင် ထိန်းပေးထားပြီး 5G ကတော့ မင်းရဲ့ Video Download နဲ့ Streaming တွေကို အထစ်အငေါ့မရှိ မြန်ဆန်စေဖို့ ဒိုင်ခံအားဖြည့်ဆွဲပေးနေတာမျိုးပေါ့။"

ကိုထက်သည် မောင်ဖိုးသား၏ စားပွဲပေါ် လက်ညှိုးဖြင့် ရေးဆွဲပြသော ဥပမာကိုကြည့်ရင်း ခေါင်းကို တဆတ်ဆတ်တိတ်လိုက်သည်။ သူ၏ မရေမရာဖြစ်နေသော မျက်နှာပေါ်တွင် သဘောပေါက်နားလည်သည့် အရိပ်အယောင်တို့ အစားထိုးဝင်ရောက်လာ၏။

"ဩော်... သဘောပေါက်ပြီ ဦးလေး။ ဆိုလိုတာက အခုသုံးနေတဲ့ NSA စနစ်ဆိုတာ 4G လမ်းမကြီးကို အစကနေ ပြန်မဖောက်ဘဲ ဘေးကနေ အမြန်မောင်းလို့ရတဲ့ 5G VIP လမ်းသစ်တစ်လိုင်း ဘေးကပ်တိုးပေးလိုက်တဲ့သဘောပေါ့။ ဒါကြောင့်မို့လို့ လိုင်းခေါ်တာနဲ့ ကွန်ရက်ချိတ်တာတွေကို 4G ထိန်းချုပ်ရေးစင်တာက တာဝန်ယူပေးပြီး ဂိမ်းဆော့တာနဲ့ ဗီဒီယိုကြည့်တဲ့ Data အများကြီး သယ်တဲ့နေရာမှာပဲ 5G အမြန်လမ်းကို သုံးနေကြတာပေါ့နော်"ဟု ကိုထက်က လက်ဖက်ရည်ခွက်ကိုကိုင်ရင်း ဝမ်းသာအားရ ပြန်ပြောလိုက်သည်။ **စာမျက်နှာ ၁၁ သို့ ★**



NSA ကို ရှိပြီးသား 4G လမ်းပေါ်တွင် 5G fast lane ထပ်ထည့်ခြင်းအဖြစ် နားလည်နိုင်ပါသည်။


4G ကွန်ရက်ဆိုတာ ယာဉ်ကြောပြည့်ကျပ်နေတဲ့ လမ်းမကြီးတစ်ခုပေါ့။ အော်ပရေတာတွေက ဒီလမ်းကြီးကို အပြီးဖျက်ပြီး လမ်းသစ်ကြီးချက်ချင်းအစားထိုးဖို့ကျ အချိန်ရော၊ စရိတ်ရော အများကြီးလိုတာကြောင့် လမ်းဟောင်းကြီးဘေးမှာတင် ကားကြီးတွေ အမြန်မောင်းလို့ရတဲ့ '5G Fast Lane' ဆိုတဲ့ အမြန်လမ်းသစ်တစ်လိုင်းကို ကပ်ပြီး ထပ်တိုးပေးလိုက်တာ။ နည်းပညာမှာ ဒါကို NSA (Non-Standalone) လို့ ခေါ်တယ်။ မင်းဖုန်းက ကွန်ရက်နဲ့စတင်ချိတ်ဆက်တာ၊ လုံခြုံရေးစစ်တာနဲ့ မြို့ထဲရွှေ့လျားသွားလာတဲ့အခါ လိုင်းမပြတ်အောင်ထိန်းပေးတာ (Mobility) တွေကို 4G ထိန်းချုပ်ရေး စင်တာ (4G Core)ကပဲ ဆက်လက်တာဝန်ယူပေးထားပြီး 5G Radio လှိုင်းကတော့ Data အများကြီးကို အမြန်ဆုံးသယ်ဆောင်ပေးတဲ့ 'Fast Lane' လမ်းကြောင်းအဖြစ် အားဖြည့်ပေးတာပေါ့

★ စာမျက်နှာ ၁၀ မှ

ထို့နောက် သူသည် ခဏမျှ စဉ်းစားလိုက်ပြီး အိတ်ထဲမှ ဖုန်းကို ပြန်ထုတ်ကြည့်ကာ မေးခွန်းထုတ်သကဲ့သို့ မေးလိုက်ပြန်သည်။ "ဒါပေမဲ့ ဦးလေး... အခုလို 4G ကို မှီခိုနေရတုန်းဆိုရင် 5G ရဲ့ တကယ့် အစွမ်းအစအပြည့်ကို သုံးနိုင်ပါဦးမလား။ 4G လုံးဝမပါဘဲ 5G သီးသန့်သီးခြားကြီး တည်ဆောက်ထားတာရော မရှိဘူးလား"

ကိုထက်၏ ချက်ကျလက်ကျ မေးခွန်းကြောင့် မောင်ဖိုးသားက သဘောကျစွာပြုံးလိုက်ပြီး "အေး... မင်းမေးတဲ့ကိစ္စကလည်း နည်းပညာက ရှိပြီးသား ပဲကွ။ အဲဒီလို 4G လမ်းကြောင်းကို လုံးဝမမှီခိုတော့ဘဲ 5G သီးသန့်သွားတာကို **SA (Standalone)** လို့ ခေါ်တယ်..."

မောင်ဖိုးသား စကားမဆုံးသေးမီမှာပင် စားပွဲပေါ်တင်ထားသည့် သူ၏ စမတ်ဖုန်းလေး တုန်ခါပြီး မြည်လာခဲ့သည်။ စခရင်ပေါ်တွင် "ခေါ်စုစုလှိုင် (လှိုင်သာယာအထည်ချုပ်)"ဆိုသည့် အမည်ပေါ်နေ၏။ မစုသည် လှိုင်သာယာစက်မှုဇုန်ရှိ ဧရာမ အထည်ချုပ်စက်ရုံကြီးတစ်ခု၏ မန်နေဂျင်းဒါရိုက်တာဖြစ်ပြီး လွန်ခဲ့သည့်ခြောက်လက စက်ရုံကို ဒီဂျစ်တယ် အလိုအလျောက်စနစ်ဆီ အဆင့်မြှင့်တင်စဉ်က မောင်ဖိုးသားသည် ဆက်သွယ်ရေးကွန်ရက်ဆိုင်ရာ နည်းပညာအကြံပေးအဖြစ် အချိန်ပိုင်းတာဝန်ယူ ကူညီပေးခဲ့ဖူးသူဖြစ်သည်။



SA တွင် 5G radio နှင့် 5G Core တို့ တိုက်ရိုက်အလုပ်လုပ်သည်။

မောင်ဖိုးသားသည် ဆက်သွယ်ရေး အင်ဂျင်နီယာ တစ်ဦး၏ သဘောအရ စက်ရုံ၏ ကွန်ရက်ဗိသုကာ ပုံစံကို ခေါင်းထဲတွင် စဉ်ကွန့်ပိုင်းအတွင်း အစဉ်လိုက် တန်းစီတွက်ချက်ကြည့်လိုက်သည်။ စက်ရုံအတွင်း တပ်ဆင်ထားသည့် 5G Radio လှိုင်းများ၏ အမြန်နှုန်းမှာ ပြဿနာမရှိသော်လည်း AGV စက်ရုပ်များ၏ ဘေးကင်းရေး Sensor များသည် တုံ့ပြန်ချိန်ကို ၁၀ မီလီစက္ကန့်အောက် တိကျစွာလိုအပ်သည်။ လက်ရှိ NSA စနစ်တွင် Control Signaling များသည် နောက်ကွယ်ရှိ 4G Core Network ကို ဖြတ်သန်းနေရသဖြင့် အလုပ်များချိန်တွင် 4G Core ကြောင့် Latency ခဏတာ မြင့်တက်သွားကာ စက်ရုပ်များ ခဏခဏရပ်တန့်ကုန်ကာ ထုတ်လုပ်မှုလိုင်းတစ်ခုလုံး လမ်းကြောင်းပိတ်ဆို့နေ၍ မစုတစ်ယောက် အကူအညီတောင်းရခြင်းဖြစ်၏။



ဒီဂျစ်တယ် အော်တိုမေးရှင်းစနစ်ဖြင့် လည်ပတ်နေသည့် လှိုင်သာယာရှိ အထည်ချုပ်စက်ရုံ။

"ခဏနေဦး ကိုထက်... အလုပ်ဖုန်းလေးမို့ ကိုင်လိုက်ဦးမယ်"ဟု မောင်ဖိုးသားက ပြောကာ ဖုန်းကိုကိုင်လိုက်သည်။ "ဟယ်လို မစု... မင်္ဂလာပါဗျ။ စက်ရုံမှာ အဆင်ပြေရဲ့လား"

ဖုန်းတစ်ဖက်မှ မစု၏ စိုးရိမ်တကြီး သတင်းပို့သံ ထွက်ပေါ်လာတော့သည်။ မစု၏ စက်ရုံတွင် ပိတ်စလိပ်ကြီးများကို ကတ်တင်းစတီယာရင်လိုင်းမှ ချုပ်လုပ်ရေးလိုင်းများဆီ ပို့ဆောင်ခြင်းနှင့် ထုပ်ပိုးရုံ ဆီရွှေ့ပြောင်းခြင်းတို့တွင် လူအစားအလိုအလျောက် ပစ္စည်းသယ်စက်ရုပ်များ (AGV – Automated Guided Vehicles)ကို စက်ရုံအတွင်း ကွန်ရက်ဖြင့် ချိတ်ဆက်ခိုင်းစေထားခြင်းဖြစ်သည်။ ထိုစက်ရုပ်များသည် ကြမ်းပြင်ပေါ်တွင် လမ်းကြောင်းအတိုင်း မီလီစက္ကန့်ပိုင်း တိကျသည့် ညွှန်ကြားချက်များဖြင့် သွားလာရပြီး ကွန်ရက်တုံ့ပြန်ချိန် အနည်းငယ်မျှ နှောင့်နေးသွားပါက မတော်တဆမှုဖြစ်စေရန် ဘေးကင်းရေးစနစ်က စက်ကို ချက်ချင်းရပ်တန့် ပစ်လေ့ရှိသည်။ ယခုအခါ အလုပ်များသည့် အချိန်များတွင် လိုင်းတုံ့ပြန်မှုနှေးသွားသဖြင့် စက်ရုပ်များ အသုံးမချနိုင်သဖြင့် ဂိုးမရှိသရေရလဒ်ဖြင့် အဆုံးသတ်ခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို ဇရာဝတီနောက်ခံလူငှစ်ယုထဦးမှရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးကျပ် ငါးသိန်းရရှိခဲ့သည်။

YUSC ကွင်းဦးကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရှမ်းယူနိုက်တက်အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ဒုတိယပိုင်းဝွင်းဂိုးများဖြင့် ဂိုးပြတ်အနိုင်ရခဲ့ပြီး အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၄၆ မိနစ်တွင် ဇင်မိုးပြည့်၊ ၈၈ မိနစ်တွင် ဆွေမာအောင်နှင့် ၉၀+၃ မိနစ်တွင် မောနန့်ဇင်တို့က သွင်းယူခဲ့သည်။

ယခုပွဲအတွက် AYA Pay Player of the Match ဆုကို ရန်ကုန်ယူနိုက်တက် တိုက်စစ်မှူး ဇင်မိုးပြည့်မှရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းရရှိခဲ့သည်။

ပွဲစဉ် (၁၁) ဒုတိယနေ့ကို အောက်တိုဘာ ၂၀ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး ပဒေသာဂွင်း၌ ရန်ကုန်စီးတီးအသင်းနှင့် အား/ကာသိပ္ပံအသင်း၊ ဗဒုမ္မာဂွင်း၌ သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း–ကိုညီလေး
ဓာတ်ပုံ–MWL

ထို့ပြင် 4G ကွန်ရက်သာ ရုတ်တရက် ပိတ်ပစ်လိုက်ပါက သူ၏ လက်ရှိဖုန်းဖြင့် အိမ်ပြန်လမ်းတွင် မိုဘိုင်းဂိမ်းဆော့ခွင့်ရတော့မည် မဟုတ်သလို 5G ဒေတာပက်ကေ့ချ်ဈေးနှုန်းများ အဆမတန်မြင့်တက်သွားမည်လား၊ သို့မဟုတ် နယ်ဘက်ရှိ မိဘများဆီ ပြန်သည့်အခါ 5G လိုင်းမမိဘဲ လိုင်းပြတ်ကျနဲ့ခဲ့မည်လားဆိုသည့် စိုးရိမ်စိတ်များ ခေါင်းထဲတိုးဝင်လာသည်။

"ဒါဆို 4G ကွန်ရက်ကြီးက ရုတ်တရက် ပျောက်သွားတော့မှာလား ဦးလေး"ဟု ကိုထက်က သိလိုစိတ်တစ်ဝက်၊ ဂိမ်းဆော့သူ လူငယ်တစ်ယောက်၏ စိုးရိမ်စိတ်တစ်ဝက်ဖြင့် မေးလိုက်သည်။ "5G သီးသန့်ဖြစ်သွားရင် ကျွန်တော့် 4G ဖုန်းနဲ့ ဂိမ်းဆော့လို့ရတော့မှာ မဟုတ်ဘူးလား။ အော်ပရေတာတွေက 4G ကို ချက်ချင်းပိတ်လိုက်ရင် 5G ဖုန်း မဝယ်နိုင်သေးတဲ့သူတွေရော၊ 5G မရောက်သေးတဲ့ နယ်ဘက်ကလူတွေရော လိုင်းပြတ်ကုန်မှာ ပေါ့နော်..."

မောင်ဖိုးသားက ကိုထက်၏ စိုးရိမ်တကြီး ဖြစ်သွားသောမျက်နှာကို ကြည့်ကာ သဘောကျစွာ ရယ်မောလိုက်သည်။

"မစိုးရိမ်ပါနဲ့ကွာ... 4G ကွန်ရက်ကြီးက ရုတ်တရက် ပျောက်မသွားပါဘူး။ အော်ပရေတာတွေက 4G Network ကို ဆက်ပြီး ခိုင်မာအောင် ထိန်းထားရင်း 5G Radio တွေတပ်ဆင်ပြီး NSA စတင်မယ်။ အဲဒီကမှ 5G Core တည်ဆောက်ပြီး SA စနစ်နဲ့ Enterprise Service ဝန်ဆောင်မှုတွေကို အဆင့်လိုက် တိုးချဲ့သွားမှာ။ ဒါကြောင့် 4G က ကျယ်ပြန့်တဲ့ coverage နဲ့ VoLTE ဖုန်းခေါ်ဆိုမှုတွေကို ဆက်ပြီး တာဝန်ယူပေးထားမှာမို့ မင်းရဲ့ 4G ဖုန်းလေးနဲ့ အေးဆေး ဂိမ်းဆက်ဆော့လို့ရနေဦးမှာပါ။"

မိုးစဲသွားပြီး လှည်းတန်းလမ်းဆုံ၏ ကားများ တဖြည်းဖြည်းရွေ့လျားသွားသည်။ ကိုထက် ဖုန်းကို ပြန်ကြည့်လိုက်သောအခါ မကြာမီက ထိန်းချုပ်ရခက်လှသည့် ဂိမ်းကွန်ရက်သည် ပေါ့ပါးစွာပြန်လည် ချိတ်ဆက်သွားသည်ကို တွေ့လိုက်ရသည်။ မခြင်ရသော လှိုင်းဂယက်များကြားတွင် အနာဂတ် 5G နည်းပညာသည် ၎င်းတို့၏ နေ့စဉ်ဘဝများထဲသို့ တိတ်တဆိတ် ချင်းနင်းဝင်ရောက်လာနေပြီဖြစ်ကြောင်း ကိုထက် သဘောပေါက်လိုက်မိတော့သည်။ ။

✪ မြန်မာအမျိုးသမီးလိဂ်မှ

နှစ်ကျော့စလုံး အရှုံးအနိုင် မပေါ်ခဲ့ပေ။ နှစ်သင်းစလုံး ရာသီဝက် အပြောင်းအရွှေ့ကာလတွင် နိုင်ငံခြားသားကစားသမားများ ပြောင်းလဲထားပြီး ဒဏ်ရာရ ကစားသမားများမှလွဲ၍ လူစုံနီးပါး ပါဝင်ခဲ့သည်။ လက်ရှိချန်ပီယံ ဧရာဝတီအသင်းအနေဖြင့် အမာခံကစားသမားအချို့ ဒဏ်ရာကြောင့် မပါဝင်နိုင်သည့်အပြင် နိုင်ငံခြားသား ကစားသမားသစ်များနှင့် အံဝင်ခြင်း မရှိသေးသောကြောင့် ပုံစံကောင်းပြသနိုင်ရန် ရုန်းကန်ခဲ့ရပြီး ချန်ပီယံဆုကာကွယ်နိုင်ရန် ရုန်းကန်ရတော့မည် ဖြစ်သည်။ နှစ်သင်းစလုံး ဂိုးရနိုင်သည့်အပိုင်အခွင့်အရေးအချို့



ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ပုသိမ် သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နယ်စပ်ရေးရာဝန်ကြီးဌာနရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၌ သင်တန်းများ ဖွင့်လှစ်

နေပြည်တော် အောက်တိုဘာ ၁၉

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများတွင် နယ်စပ်ဒေသအပါအဝင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသောဒေသများမှ တိုင်းရင်းသား/ တိုင်းရင်းသူများအား အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားတတ်မြောက်စေခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိရာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒုတိယအကြိမ်အဖြစ် စက်မှုကျောင်းလေးကျောင်း၌ ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်းများနှင့် အိမ်တွင်းမှုသင်တန်းကျောင်း ၂၀ ၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းတို့ကို ယနေ့နံနက်ပိုင်းတွင် သင်တန်းကျောင်း၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲများသို့ ပုသိမ်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ ဘားအံမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ မုဒုံမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ်၊ ကျိုင်းတုံမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တိုင်းဦးစီးချုပ်၊ လွိုင်ကော်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ကယားပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ မြိုင်ကြီးရူ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ အောင်ပန်းမြို့ စက်မှုသင်တန်းကျောင်းတွင် ရှမ်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ထားဝယ်မြို့ စက်မှုသင်တန်းကျောင်းတွင် တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဘားအံမြို့ စက်မှုသင်တန်းကျောင်းတွင် ကရင်ပြည်နယ် စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး၊ လပွတ္တာမြို့ စက်မှုသင်တန်းကျောင်းနှင့် အိမ်တွင်းမှုသင်တန်းကျောင်းတွင် ရောဝတီတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ဆိုက်ခေါင်အိမ်တွင်းမှုသင်တန်းကျောင်းတွင် ပဆိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ အဖွဲ့ဝင်၊ လဟယ်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အတွင်းရေးမှူးတို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ကျန်သင်တန်းကျောင်းများ၌ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိဦးစီးဌာနများမှ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများနှင့် ခရိုင်/ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါ စက်မှုသင်တန်းကျောင်းတွင် သင်တန်းသား သင်တန်းသူ ၁၇၀ နှင့် အိမ်တွင်းမှုသင်တန်းကျောင်းများတွင် သင်တန်းသား သင်တန်းသူ ၅၄၀ စုစုပေါင်း ၇၁၀ တက်ရောက်၍ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၉ ရက်မှ ၂၀၂၇ ခုနှစ် မတ် ၁၉ ရက် အထိ ရက်သတ္တ ၂၂ ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းနှင့် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများတွင် ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့အချိန်ထိ စက်မှုကျောင်းများတွင် သင်တန်းသား သင်တန်းသူ ၇၂၀ဖ ဦးနှင့် အိမ်တွင်းမှုသင်တန်းကျောင်းများတွင် သင်တန်းသူ ၉၈၅၅ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနှိမ့်ကျမှုအား ပြုပြင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျော့ချလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၉

ရောဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါင်နှိမ့်ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျော့ချလျက်ရှိပြီး ရေလှောင်တမံ၏ ဆင်ခြေလျှောနှိမ့်ကျမှုအား ပြန်လည် ပြုပြင်ခြင်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

တမံ၏ အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံလျှောအိကျနေရာ တစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့်ရေလှိုင်း ရိုက်ခတ်ခြင်း ဒဏ်မခံရစေရန် အတွက် မိုးရေကာဖျင်များ စနစ်တကျ အုပ်မိုးကာကွယ်ခြင်း၊ တမံလျှော့အိကျမှုအား ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေ ဆင်ခြေလျှောဧ၏ အပြင်ဘက်မှ တမံတာအောက်ခြေအား ပိုမို ခိုင်မာတောင့်တင်းမှု ရှိစေရန် မြေသားတမံပုံစံ ဆောင်ရွက်ခြင်း တို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်းကာ စက်ယန္တရားများအသုံးပြု၍ ယနေ့တွင် အင်တိုက်အားတိုက် ဆက်လက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သို့လှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံ ရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သို့လှောင်ရေ လျော့ချနိုင်ရန် တမံ၏ အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ အောက်တိုဘာ ၁၉ ရက်နေ့ ညနေပိုင်းတွင် တမံရှိရေ ၃၀၃ ဒသမ ၄၅ ပေသာ ကျန်ရှိတော့သဖြင့် ၁၁ ဒသမ ၅၅ ပေခန့် လျော့နည်းသွားကြောင်း သတင်းရရှိသည်။ **၁၀၀**



ဇေယျာသီရိမြို့နယ်၌ စားသုံးဆီရောင်းချနေမှု ကွင်းဆင်းစစ်ဆေး

ဇေယျာသီရိ အောက်တိုဘာ ၁၉

ဇေယျာသီရိမြို့နယ် စားသုံးဆီ ရေးရာဦးစီးဌာနမှတာဝန်ခံ (ရုံးအုပ်) ဦးဝင်းသွင်၊ မြို့နယ်ထွေအုပ်မှ ဒုတိယဦးစီးမှူးဦးအောင်ဇော်ဟိန်း၊ ခရိုင် စားသုံးဆီဖြန့်ဖြူးရောင်းချရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ဦးအောင်မိုးခိုင်နှင့် အဖွဲ့သည် အောက်တိုဘာ ၁၈ ရက် တွင် ခေတ်အေးအုပ်စု ရင်ကွဲပင်ကျေးရွာနေ စားသုံးဆီလက်လီကိုယ်စားလှယ် ဦးမိုးနိုင်၏ ဆိုင်နှင့် စက်ကုန်းကျေးရွာနေ ဒေါ်နင်းကြည်တို့၏ ဆိုင်တို့တွင် သတ်မှတ် ရည်ညွှန်းစွဲးဖြင့် ရောင်းချနေသော စားသုံးဆီများကို ပြည်သူများက စားသုံးဆီ ဝယ်ယူခွင့်စာအုပ်များဖြင့် ဝယ်ယူရောင်းချနေမှုအား ကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူများ စားသုံးဆီဝယ်ယူရာတွင် အရေအတွက်မှန်၊ ဈေးနှုန်းမှန်၊ အခြင်အတွယ်မှန်ဖြင့် အမှန်တကယ်ရောင်းချခြင်း ရှိ၊ မရှိ၊ ရည်ညွှန်းစွဲးပါအတိုင်းမြေပြင်၌ အမှန်တကယ်ရောင်းချခြင်း ရှိ၊ မရှိနှင့် ပြည်သူများသို့ စားသုံးဆီ လက်တွေ့ ရောင်းချနေမှုတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **ငွေကြေယ်**





ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမီးအရာရှိ ဦးစည်သူမျိုး ဦးဆောင်သော တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ စျေးများအား မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးစစ်ဆေးခြင်းကို အောက်တိုဘာ ၁၈ ရက်က ကွင်းဆင်းစစ်ဆေး ဆောင်ရွက်စဉ်။ သက်လွင်စိုး(ပြန်/ဆက်)

ယင်းမာပင်မြို့ မြို့ပေါ်ရေပိုက္ကက်များ မီးလောင်မှုလျော့နည်းကျဆင်းရေးနှင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

ယင်းမာပင် အောက်တိုဘာ ၁၉

စစ်ကိုင်း တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးကျော်ဦးဆောင်သော ခရိုင်နှင့်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းက ယင်းမာပင်မြို့ မြို့ပေါ်ရပ်ကွက်များတွင် မီးလောင်မှု လျော့နည်းကျဆင်းရေးနှင့် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရေး အဖွဲ့သည် မီးလောင်မှုလျော့နည်းကျဆင်းရေးအတွက် ရပ်ကွက်များအတွင်း တစ်အိမ်တက်ဆင်း နေအိမ်နှင့် ဆိုင်ခန်းများအား မီးသုံးစွဲခြင်းနှင့် မီးလောင်မှု မဖြစ်ပွားစေရေး ဆောင်ရန်/ ရှောင်ရန် အချက်များအား အသိပညာပေး ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် အယ်လ်နီညို ရာသီဥတုကြောင့် အပူချိန်မြင့်မားပြီး ရေရှားပါးမှုဖြစ်ပေါ်ပါက သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် (က)ရပ်ကွက်နှင့် (ခ) ရပ်ကွက်ရှိ ရေလှောင်ကန်များအား ရေဖြည့်တင်းဆောင်ရွက်မှု အခြေအနေများကို ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံ အစိုးရအကြီးအကဲများအကြား ပုံမှန်တွေ့ဆုံဆွေးနွေးရေးကော်မတီ အကြိမ်(၃၀)မြောက် အစည်းအဝေးကျင်းပ



ပေကျင်း အောက်တိုဘာ ၁၉

တရုတ်နိုင်ငံနှင့်ရုရှားနိုင်ငံ အစိုးရအကြီးအကဲများအကြား ပုံမှန်တွေ့ဆုံဆွေးနွေးရေးကော်မတီ၏ အကြိမ်(၃၀)မြောက် အစည်းအဝေးကို တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် ဟီလီဖန်းနှင့် ရုရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဒီမိထရီ ချာနီရှန်ကို တို့အကြား အောက်တိုဘာ ၁၉ ရက်တွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

နိုင်ငံခေါင်းဆောင်နှစ်ဦးအကြား ရရှိထားသည့် အရေးကြီးသော ဘုံသဘောတူညီချက်များကို အကောင်အထည်ဖော်ရန်နှင့် တရုတ် - ရုရှား အစိုးရအကြီးအကဲများ၏ (၃၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွက် ပြင်ဆင်မှုများပြုလုပ်ရန် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် ဟီလီဖန်းက အဆိုပါ အစည်းအဝေးတွင် ပြောကြားသည်။

တရုတ်နိုင်ငံသည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေး၊ နျူကလီးယားစွမ်းအင်၊ လေကြောင်းနှင့် အာကာသယာဉ်ကဏ္ဍာစသည့် နယ်ပယ်များတွင် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာအားကောင်းအောင် ပြုလုပ်ရန် အသင့်ရှိနေသလို သဘာဝပတ်ဝန်းကျင်နှင့် သဘာဇာတဖြစ်သော အစိမ်းရောင်နှင့် ကာဗွန်ထုတ်လွှတ်မှုနည်းပါးသော ဖွံ့ဖြိုးတိုးတက်မှု၊ ဒစ်ဂျစ်တယ်စီးပွားရေးတို့တွင်လည်း ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

နှစ်ဖက်စလုံးအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုအတွက် ကောင်းမွန်သော ပတ်ဝန်းကျင်တစ်ခုဖန်တီးရန်၊ ဘက်ပေါင်းစုံပါဝင်သည့် ကုန်သွယ်မှုစနစ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် ကဏ္ဍအသီးသီးတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဌာနများ ရရှိစေရန် ကြိုးပမ်းဆောင်ရွက်ကြရေးအတွက် ၎င်းက တိုက်တွန်းပြောကြားခဲ့သည်။

နှစ်နိုင်ငံအကြား အပြန်အလှန် ဆက်ဆံဖလှယ်မှုများ ပိုမိုနီးကပ်လာခြင်းနှင့် နိုင်ငံစုံပလက်ဖောင်းများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာခြင်းတို့ကို ထောက်ပြလျက် ရုရှားနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုကို ပမာဏပိုင်းတွင်သာမက အရည်အသွေးပိုင်းတွင်ပါ ပိုမိုခိုင်မာအားကောင်းလာစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဒီမိထရီ ချာနီရှန်ကိုက ပြောကြားသည်။

ဆင်ဟွာ



တန်ဇန်နီးယားနိုင်ငံ၌ ပြည်ပခရီးသွားများအား အီဘိုလာရောဂါ စောင့်ကြည့်စစ်ဆေးမှုများ ဆောင်ရွက်

ဒါအက်စလန် အောက်တိုဘာ ၁၉

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ကင်ညာနိုင်ငံတို့တွင် အီဘိုလာရောဂါကူးစက်မှုများတွေ့ရှိခဲ့ပြီးနောက် တန်ဇန်းနီးယားနိုင်ငံက နိုင်ငံအတွင်းဝင်ရောက်လာသည့် ပြည်ပခရီးသွားများအား ကျန်းမာရေးစောင့်ကြည့်စစ်ဆေးမှုများ တင်းကျပ်စွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တန်ဇန်းနီးယားနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအနေဖြင့် သက်ဆိုင်ရာနိုင်ငံများမှ မထွက်ခွာမီနှင့် နိုင်ငံအတွင်းရောက်ရှိသည့် အချိန်တွင် အွန်လိုင်းမှတစ်ဆင့် ကျန်းမာရေးစစ်ဆေးထားသည့် ပုံစံများကို ဖြည့်စွက်ပေးပို့ရန်လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ခရီးသွားလာခြင်းဆိုင်ရာ လမ်းညွှန်ချက်အရ သိရသည်။

ခရီးသွားများအနေဖြင့် ဝန်ကြီးဌာန၏ အွန်လိုင်းပေါ်တယ်မှ တစ်ဆင့် မှန်ကန်သောအချက်အလက်များကို ဖြည့်သွင်းရမည်ဖြစ်ပြီး နိုင်ငံအတွင်းသို့ ဝင်ရောက်ရာနေရာရှိ ကျန်းမာရေးတာဝန်ရှိသူများက စစ်ဆေးနိုင်ရန်အတွက် ကျူးလွန်သူမဟုတ် ရည်ညွှန်းနံပါတ် တစ်ခုခုကို သိမ်းဆည်းထားရှိရမည်ဖြစ်ကြောင်း ခရီးသွားလာရေးဆိုင်ရာ အကြံပြုချက်တွင် ညွှန်ကြားထားသည်။

လေဆိပ်များ၊ ကုန်းလမ်းနယ်စပ်ဂိတ်များနှင့် ပင်လယ်ဆိပ်ကမ်းများမှတစ်ဆင့် နိုင်ငံအတွင်းသို့ ဝင်ရောက်လာကြသည့် ခရီးသွားအားလုံးသည် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးစစ်ဆေးမှုများကို ခံယူရမည်ဖြစ်ကြောင်း သိရသည်။

အီဘိုလာရောဂါလက္ခဏာများနှင့် အခြားကူးစက်ရောဂါများ ရှိသည်ဟု သံသယရှိသူများအား ရောဂါစစ်ဆေးရေးလုပ်ငန်းများနှင့် အညီ စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရောဂါကူးစက်နိုင်ခြေမြင့်မားသည့် ခရီးသွားများအား အလိုအလျောက် သတိပေးချက်များပေးပို့ခြင်းနှင့် အခြားဆက်သွယ်ရေးနည်းလမ်းများဖြင့် ၂၁ ရက်ကြာ ကျန်းမာရေးစောင့်ကြည့်စစ်ဆေးမည်ဖြစ်ကြောင်းနှင့် ခရီးသွားများအနေဖြင့် ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဆင်ဟွာ

အမေရိကန်နှင့် အစ္စရေးတို့အနေဖြင့် အီရန်အပေါ် လျှော့တွက်ပါက ပြင်းထန်သည့် တုံ့ပြန်တိုက်ခိုက်မှုများကို ရင်ဆိုင်ရမည်ဟု အီရန် သတိပေး

တီဟီရန် အောက်တိုဘာ ၁၉

အမေရိကန်နှင့် အစ္စရေးတို့အနေဖြင့် အီရန်အပေါ် လျှော့တွက်ပါက အီရန်တပ်ဖွဲ့များ၏ ပြင်းထန်သည့် တုံ့ပြန်တိုက်ခိုက်မှုများကို ရင်ဆိုင်ရမည်ဖြစ်ကြောင်း အီရန်နိုင်ငံက အောက်တိုဘာ ၁၈ ရက်တွင် သတိပေးပြောကြားခဲ့သည်။

ကြေညာ

တစ်ချိန်တည်းမှာပင် တင်းမာမှုများမြင့်တက်လာနေသည့် အခြေအနေ၌ ဒစ်ဂျစ်တယ် အချက်အလက်စီးဆင်းမှုများကို ကြီးကြပ်ကွပ်ကဲမည့် ဒေသတွင်း အာဏာပိုင်အဖွဲ့တစ်ခုဖွဲ့စည်းရန် အစီအစဉ်ရှိကြောင်း လည်း တီဟီရန်က ကြေညာခဲ့သည်။

၎င်းတို့ဘက်မှ လျှော့တွက်ပါက ရင်ဆိုင်ရမည့် တုံ့ပြန်မှုများသည် အတိတ်ကာလထက် ပြင်းထန်မည်ဟု အီရန်လက်နက်ကိုင်တပ်ဖွဲ့များ စစ်ဦးစီးချုပ်အလီအခိုလာဟီကပြောကြားသည်။

အီရန်တပ်ဖွဲ့များအနေဖြင့် ယခင်က ဖြစ်ခဲ့သည့် စစ်ပွဲများထက် ရန်သူများအား ပိုမိုထိခိုက်ဆုံးရှုံးစေနိုင်မည့် အစီအမံတစ်ရပ်အား ပြင်ဆင်နေကြောင်း အီရန်အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူး မိုဆန်ရာဇီက ဒီဇင်ဘာ ၁၈ ရက်တွင် ပြောကြားသည်။ အီရန်နိုင်ငံက ယခုဆောင်ရွက်မည့် စစ်ဆင်ရေးအစီအမံသစ်သည် ၎င်းတို့သိကျွမ်းသည့် စည်းမျဉ်းများနှင့် ဆောင်ရွက်ခြင်း မဟုတ်ကြောင်း ၎င်းကပြောကြားသည်။

အီရန်နိုင်ငံအပေါ် ကျူးကျော်တိုက်ခိုက်မှုများကို ကူညီပံ့ပိုးပေးနေသည့် သို့မဟုတ် ကလေးငယ်များကို သတ်ဖြတ်ရာတွင် ကူညီနေသည့် မည်သည့်ဥာဏ်ရည်တုနှင့် ဒေတာအချက်အလက်ဆိုင်ရာ ကုမ္ပဏီကိုမဆို အရင်းအမြစ်များ မထောက်ပံ့ကြရန် အနောက်အာရှဒေသတွင်းရှိ အစိုးရများနှင့် လုပ်ငန်းများအား အီရန်ပါလီမန်ဥက္ကဋ္ဌ မိုဟာမက် ဘက်ကွာကွာလစ်က မေတ္တာရပ်ခံခဲ့သည်။

အီရန်နိုင်ငံသည် ဒေသတွင်း ဒစ်ဂျစ်တယ် အချက်အလက်များ စီးဆင်းမှုကိုထိန်းချုပ်ရန် အတွက် "ပါရှန်ပင်လယ်ကွေ့ အချက်အလက်ဆိုင်ရာ အာဏာပိုင်အဖွဲ့" ဟု အမည်ပေးထားသည့် အဖွဲ့အစည်းသစ်တစ်ခုကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဆင်ဟွာ

အင်ဒိုနီးရှားနိုင်ငံ၌ တောမီးနှင့် မြေယာ မီးလောင်မှုများတွင် ပါဝင်ပတ်သက်သည့် ကုမ္ပဏီများအား အရေးယူ

ဂျကာတာ အောက်တိုဘာ ၁၉

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားနှင့် ကာလီမန်တန်ဒေသများတွင်ဖြစ်ပွားခဲ့သည့် တောမီးနှင့် မြေယာမီးလောင်ကျွမ်းမှုများတွင် ပါဝင်ပတ်သက်သည့် ကုမ္ပဏီ ၉၇ ခုအား တာဝန်ရှိသူများက အရေးယူနိုင်ခဲ့ကြောင်း နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဒူဒန် အဗ္ဒူ ရာမန်က အောက်တိုဘာ ၁၉ ရက်တွင် ပြောကြားသည်။

ဒေသတွင်းနှင့် အမျိုးသားရဲတပ်ဖွဲ့များမှ ရရှိသည့် မှတ်တမ်းများအပေါ်တွင် အခြေခံ၍ အဆိုပါကုမ္ပဏီများအား အတည်ပြုနိုင်ခဲ့ကြောင်းနှင့် အဆိုပါမီးလောင်မှုများအတွက် တာဝန်ရှိသူများကို သေချာစွာ စုံစမ်းစစ်ဆေးအရေးယူရန် တာဝန်ရှိသူများအား ၎င်းက ညွှန်ကြားခဲ့သည်။ သီခြားဖြစ်ပွားသည့် တောမီးနှင့် မြေယာမီးလောင်မှုများမှ တရားခံ ၂၂၃ ဦး၏ အမည်ကို အောက်တိုဘာ ၁၃ ရက် အတွင်း ဖော်ထုတ်နိုင်ခဲ့ကြောင်း အမျိုးသားရဲတပ်ဖွဲ့ အထူးမှူခင်းများ ဆိုင်ရာဌာနမှ အကြီးတန်းတာဝန်ရှိသူ ပီပစ်ဆူဘီယန် တို့က ပြောကြားသည်။ ပြစ်မှုကျူးလွန်သူများ အနေဖြင့် ထောင်ဒဏ် ၁၀ နှစ် မှ ၁၂ နှစ်အထိ ကျခံရမည်ဖြစ်ကြောင်းနှင့် မြေယာရှင်းလင်းရာတွင် မြေယာမီးရှို့ခြင်းကို စွေးသက်သာပြီး လွယ်ကူသော နည်းလမ်းတစ်ခုအဖြစ် အသုံးမပြုသင့်ကြောင်း ၎င်းက သတိပေးပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံအတွင်းရှိ ဒေသများနှင့် အိမ်နီးချင်းနိုင်ငံများသို့ ပျံ့နှံ့ခဲ့သည့် မီးခိုးမြူများကိုဖြစ်လာစေသည့် တောမီးနှင့် မြေယာမီးရှို့မှုများကို ကျူးလွန်ခဲ့သည်ဟု သံသယရှိသည့် ကုမ္ပဏီများအား အရေးယူရန် သမ္မတ ပရာဘိုဝို ဆူဘီရန်တိုက ရဲတပ်ဖွဲ့အား ပြီးခဲ့သည့်လအတွင်းက ညွှန်ကြားခဲ့သဖြင့် ယခုကဲ့သို့ စုံစမ်းစစ်ဆေးအရေးယူမှုများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၉

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ်အဆောက်အအုံတစ်လုံးအား ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အား အသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၂ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၅၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာအပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀

နောင်ချိုမြို့နယ်၌ ငွေကျပ် ၃ ဒသမ ၀၆၅ ဘီလီယံတန်ဖိုးနှင့် ကျိုင်းတုံမြို့နယ်၌ ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၁၉

နောင်ချိုမြို့နယ်တွင် ငွေကျပ် ၃ ဒသမ ၀၆၅ ဘီလီယံတန်ဖိုးနှင့် ကျိုင်းတုံမြို့နယ်တွင် ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိပြီး ဖမ်းဆီးရမိသူများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။



တရားခံ မျိုးသန့်ထက်နှင့် မခတ္တာဖူးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၆ ရက်မွန်းလွဲ ၃ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ နောင်ချိုမြို့နယ် မကျီးရေကျေးရွာအနီးတွင် မိုင်းရယ်မှမန္တလေးသို့ ပုသိမ်ကြီးမြို့နယ် ကုန်တန်းလေးရွာနေ မျိုးသန့်ထက် (၃၄)နှစ် မောင်းနှင်ပြီး ဒိုက်ဦးမြို့နယ် အောင်စိုးဖိုးရွာနေ မခတ္တာဖူး လိုက်ပါလာသော Hino Van အမျိုးအစား မော်တော်ယာဉ်အား စစ်ဆေးရာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၄၄ သိန်း (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ငင်းဒေသတန်ဖိုးငွေကျပ် ၂ ဒသမ ၂ ဘီလီယံ)နှင့် ဘိန်းညှပ်နှိုက်လိုဝဖ၀ (တစ်ကီလိုလျှင်ငွေကျပ် သိန်း ၅၀ နှုန်းဖြင့် ငင်းဒေသတန်ဖိုးငွေကျပ် သုည ဒသမ ၈ ဘီလီယံ)ကို သိမ်းဆည်းရမိခဲ့သည်။

သတင်းကွင်းဆက်အရ ယင်းနေ့ ညနေ ၆ နာရီခွဲတွင် အဆိုပါနေရာ၌ သီပေါမှ နောင်ချိုသို့ လာရှိမှုနယ် နောင်မိုရွာနေသူများဖြစ်သည့် စိုင်းညွှန့်ဆွေ (၂၈)နှစ် မောင်းနှင်ပြီး စိုင်းအောင်ပွင့် (၃၁) နှစ် လိုက်ပါလာသော Mitsubishi Canter အမျိုးအစားယာဉ်အား စစ်ဆေးရာဖွေရာ စိတ်ကြွဆေးပြား ၁ ဒသမ ၃ သိန်း (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ငင်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၅၀)ကို ဆက်လက် သိမ်းဆည်းရမိသဖြင့် မျိုးသန့်ထက်၊ မခတ္တာဖူး၊ စိုင်းညွှန့်ဆွေနှင့် စိုင်းအောင်ပွင့်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ အောက်တိုဘာ ၁၈ ရက် ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကျိုင်းတုံမြို့နယ် နဒီမအော်ရွာအနီး ကျိုင်းတုံ–တောင်ကြီးသွား ကားလမ်းတွင် ကျိုင်းတုံမြို့နယ် ဘန်ကြူးရွာနေ ကျလား(၂၃)နှစ် မောင်းနှင်လာသော HONDA WAVE i အမျိုးအစား ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ငင်းဒေသတန်ဖိုးငွေကျပ်သိန်း ၅၀)ကို သိမ်းဆည်းရမိသဖြင့် ကျလားအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်



ဇီးကုန်းမြို့နယ်၌ အယ်လ်နီညိုကာကွယ်ရေး အသိပညာပေးဆွေးနွေး

ဇီးကုန်း အောက်တိုဘာ ၁၉

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ချောင်းစောက်ကျေးရွာအုပ်စု လက်ပံပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ တောင်သူများအား အယ်လ်နီညိုဒုဏ်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအုန်းလွင်က အမှာစကားပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမိုးက အယ်လ်နီညိုဖြစ်စဉ်ကြောင့် မိုးရွာသွန်းမှုမမှန်ကန်ခြင်း၊ အပူလွန်ကဲခြင်း၊ စိုက်ပျိုးရေးပြတ်လပ်မှုများ ဖြစ်ပေါ်နိုင်သဖြင့် ဆောင်းသီးနှံများ စိုက်ပျိုးရာတွင် အစိုဓာတ်မပြတ်လပ်မိ အချိန်မီ ထွန်ယက်စိုက်ပျိုးရန်၊ ဆီထွက်သီးနှံ နေကြာနှင့် ပဲပုပ်သီးနှံများတိုးချဲ့စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေး၊ နွေစပါးရာသီတွင် ဈေးကွက်ကောင်းမွန်သည့် ရေဆင်းပေါဆန်းစပါးမျိုးများ တိုးချဲ့စိုက်ပျိုးရေး၊ ဆောင်းသီးနှံများတွင် နွားကျင်ငယ်ရေရွက်ဖျန်းမြေဩဇာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုရေးအပါအဝင် အယ်လ်နီညိုဒဏ်ကာကွယ်ရေး ကြိုတင်စီမံဆောင်ရွက်ရမည့်အချက်များ၊ အမိုနီယမ်ဆာလဖိတ် ဓာတ်မြေဩဇာသုံးစွဲရာတွင် လိုက်နာရမည့် အချက်များကို ဆွေးနွေးပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဝိုင်းမော်မြို့၌ ကြက်၊ ဝက် အခြေခံမွေးမြူရေးသင်တန်းနှင့် ပေးအပ်ပွဲ ကျင်းပ

ဝိုင်းမော် အောက်တိုဘာ ၁၉

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေသကြက်၊ ဝက်မွေးမြူရေးသင်တန်းကို ယမန်နေ့ နံနက်ပိုင်းက လဘာန်ကျေးရွာ၌ ကျင်းပသည်။

သင်တန်းတွင် မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးက လဘာန်ကျေးရွာနှင့်နောင်ချိန်းကျေးရွာနေ ပြည်သူများအား ဒေသကြက်၊ ဝက်မွေးမြူရေးပညာရပ်များကို သင်ကြားပို့ချခဲ့သည်။

ဆက်လက်ပြီး တာဝန်ရှိသူများက ဒေသဝက်ကောင်ရေ ၁၀၀ နှင့် ဒေသကြက်ကောင်ရေ ၅၀၀ တို့ကို ပြည်သူများလက်ဝယ်သို့ အခမဲ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆီး(ပြန်/ဆက်)





မာန်အောင်မြို့နယ်ရှိ ကအီးချောင်းတွင် Check Dam တည်ဆောက်၍ ကျေးရွာနေပြည်သူများအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးသွားမည်

စစ်တွေ အောက်တိုဘာ ၁၉

မာန်အောင်မြို့နယ်ရှိ ကအီးချောင်းတွင် Check Dam တည်ဆောက်၍ကျေးရွာနေပြည်သူများအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်မည့်အခြေအနေများကို အောက်တိုဘာ ၁၇ ရက်က ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ဆားချက်ကျေးရွာ ရေရရှိရေးအတွက် ဆားချက်ဆည်မှ ကျေးရွာအတွင်းသို့ ရေပေးရေး ဆောင်ရွက်မည့်အခြေအနေ၊ ပလင်တောကျေးရွာနှင့် သာယာကုန်းကျေးရွာ ရေရရှိရေးအတွက် ဆောင်ရွက်မည့်အစီအမံများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထိုမှတစ်ဆင့်အခြေခံညာအထက်တန်းကျောင်း (ဆားချက်)၊ အခြေခံပညာအထက်တန်းကျောင်း (သာယာကုန်း) တို့ရှိ ဆရာ ဆရာမများ၊ ကျောင်းသား မိဘများ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာသူ ကျေးရွာသားများအား သွားရောက်တွေ့ဆုံအားပေး စကားပြောကြားပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းဆောင်သစ်များ ဆောက်လုပ်နိုင်ရေး၊ ကျောင်းဆောင်များ ကောင်းမွန်စေရေး၊ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးနှင့် ရေရရှိရေးအတွက် ဆောင်ရွက်နိုင်ရေးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ခအုန်းမော်ကျေးရွာအုပ်စုတွင် မာန်အောင်မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများကို ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသော ဆိုလာစက်ရုံကိုလည်းကောင်း၊ ဆိုလာစက်ရုံအနီးရှိ အမဲသားပြားလွှာစက်ရုံ တည်ဆောက်မည့် နေရာကိုလည်းကောင်း၊ ဆားချက်တိုက်နယ်ဆေးရုံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း (ဇရပ်ကုန်းခင်)၊ အခြေခံပညာအလယ်တန်းကျောင်း(မျှော်တော်ဦး)၊ အခြေခံပညာအထက်တန်းကျောင်းခွဲ (အိုး၀)နှင့် အခြေခံပညာအထက်တန်းကျောင်း(ကမား)တို့ရှိဆရာ ဆရာမများ၊ကျောင်းသား မိဘများ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာသူ ကျေးရွာသားများအား သွားရောက်တွေ့ဆုံအားပေး စကားပြောကြားသည်။

ထို့အတူ မျှော်တော်ဦးကျေးရွာရှိ စိုက်ပျိုးရေးဦးစီးဌာနနှင့် အကျိုးဆောင်တောင်သူများ ပူးပေါင်း၍ မျိုးစေ့ထုတ်စိုက်ခင်းဧက ၂၀ ဖြစ်ထွန်းအောင်မြင်မှု၊ ဧီးတောကျေးရွာတွင် မာန်အောင်ကျွန်းကို အခြေခံ၍ သဘာဝကျောက်ပုစွန်မွေးမြူရေးလုပ်ငန်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စမ်းသပ်လုပ်ကွက်များ ဆောင်ရွက်နေမှု၊ သရော်တောကျေးရွာသွားလမ်း၊ ကမားကျေးရွာကုန်ထုတ်လမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်မည့် အခြေအနေ၊ မျှော်တော်ဦးကျေးရွာ ရေရရှိရေးအတွက် မြေသားရေကန်တူးဖော်နိုင်ရေး၊ သစ်ပုံချောင်းတွင် Check Dam တည်ဆောက်၍ ရေရရှိရေးဆောင်ရွက်မည့်အခြေအနေ၊ ပြင်ကောက်ကျေးရွာ ရေရရှိရေး ဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

ကာတွန်း



ဒေးဒရဲမြို့နယ်၌ ပြည်သူ့စကားဝိုင်း ကျင်းပ

ဒေးဒရဲ အောက်တိုဘာ ၁၉

ရောဝတီ တိုင်းဒေသကြီး ဒေးဒရဲမြို့နယ် အကယ်ဒွန်မ ကျေးရွာရှိ သာသနာ့မာန်အောင် ဘုန်းတော်ကြီးကျောင်း မမ္မာရုံ၌ ယနေ့မွန်းလွဲ ၁ နာရီက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဇော်ဦးက အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။ ထို့နောက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ကျင်းပရာ တက်ရောက်လာကြသည့် ဒေသခံပြည်သူများက သိရှိလိုသည်များနှင့် ဒေသလိုအပ်ချက်များကို ဆွေးနွေးမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။ ယင်းနောက် အယ်လ်နီညိုဖြစ်စဉ်များကြောင့် ဖြစ်ပွားလာနိုင်သည့် အပူဒဏ် အန္တရာယ်နှင့် ကြုံတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



ဆက်လက်၍ ကျေးရွာပြည်သူများက ပြန်လည်ပြုပြင်ရန် တင်ပြလာသည့် လမ်း၊ တံတားများကို သက်ဆိုင်ရာဌာနများနှင့် အတူ ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အေဇာလင်း

နိုင်ငံဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၂၂၀) သင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၁၉

စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၂၂၀) ၏ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရုတနာသိဃ်ခန်းမ၌ ကျင်းပရာ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး) ဒေါက်တာ ကျော်ကျော်မင်း၊ ဌာနမှူးများ၊ ပညာဌာနများမှ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။



သင်တန်းဖွင့်ပွဲတွင် ဒုတိယ ပါမောက္ခချုပ် (သင်ကြားရေး) ဒေါက်တာ ကျော်ကျော်မင်းက အမှာစကားပြောကြားသည်။

စာရေးဝန်ထမ်း သင်တန်း အမှတ်စဉ်(၂၂၀)သို့ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၂၀၄ ဦး၊ သင်တန်းသူ ၂၃၀ စုစုပေါင်း ၄၃၄ ဦး တက်ရောက်ပြီး အောက်တိုဘာ ၁၉ ရက်မှ ဒီဇင်ဘာ ၂၄ ရက် အထိ သင်တန်းကာလ ၁၀ ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက မြို့နယ်အတွင်းရှိ စက်သုံးဆီဆိုင်များ၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးစစ်ဆေးပြီး စက်သုံးဆီဆိုင်များရှိ ဝန်ထမ်းများအား မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်နည်းများ ပြသစဉ်။

ဇင်မင်းထိုက်(ထန်းတပင်)



ကြေးမုံ

စက်တင်ဘာ ၂၁ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးလွင်၏ ပဲမျိုးစုံထုတ်လုပ်မှုတိုးတက်ရေးနှင့် နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်မြှင့်တင်ခြင်းဖြင့် ဈေးကွက်ဝေစု ပိုမိုရရှိနိုင်မည့် အလားအလာများဆိုင်ရာ စာတမ်းကောက်နုတ်ချက်

မြန်မာ့ပဲမျိုးစုံ ထုတ်လုပ်မှုတိုးတက်ရေးနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် အဓိက ကဏ္ဍသုံးခု၏ ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ

မြန်မာ့စိုက်ပျိုးရေးကဏ္ဍတွင် ပဲမျိုးစုံထုတ်လုပ်မှုသည် အမျိုးသားစီးပွားရေးနှင့် ပို့ကုန်ကဏ္ဍအတွက် အရေးပါသော မောင်းနှင်အားတစ်ခု ဖြစ်ပါသည်။ ပဲမျိုးစုံ၏ ထုတ်လုပ်မှုပမာဏနှင့် အရည်အသွေးကို စာချုပ်ပါစံချိန်စံညွှန်းများအတိုင်း မြှင့်တင်နိုင်ရန်အတွက် တောင်သူလယ်သမားများ၊ နိုင်ငံတော်အစိုးရနှင့် ကုန်သည်/ပို့ကုန်လုပ်ငန်းရှင်များ ဟူသော အဓိကမဏ္ဍိုင်သုံးခု အပြန်အလှန်ချိတ်ဆက်၍ ဟန်ချက်ညီညီ ဆောင်ရွက်ရန် အလွန်ပင်လိုအပ်လှပါသည်။

၁။ တောင်သူလယ်သမားများ၏ အရည်အသွေးမြင့်၊ ထွက်နှုန်းမြင့်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးကဏ္ဍ

ကုန်ထုတ်လုပ်မှု၏ ပင်မအသက်သွေးကြောဖြစ်သော တောင်သူများသည် အစဉ်အလာစိုက်ပျိုးနည်းစနစ်များမှ ခေတ်မီနည်းပညာ အခြေပြု စိုက်ပျိုးရေးသို့ပြောင်းလဲရန် လိုအပ်ပါသည်။ ဒေသရေမြေနှင့် ကိုက်ညီပြီး ရောဂါဒဏ်ခံနိုင်သည့် အသီအမှတ်ပြု မျိုးကောင်းမျိုးသန့်များကိုအခြေခံ၍ စိုက်ပျိုးရပါမည်။

စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)ကို စနစ်တကျ ကျင့်သုံးခြင်းဖြင့် ဓာတုဓာတ်ကြွင်းကျန်မှုကင်းစင်သော ပဲများကို ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် စက်မှုလယ်ယာစနစ်သို့ကူးပြောင်းကာ ခေတ်မီစက်ကိရိယာများသုံးစွဲခြင်း၊ ရိတ်သိမ်းချိန်လွန် အစိုဓာတ်ထိန်းသိမ်းခြင်းနှင့် မှိုတက်ခြင်းမှ ကာကွယ်ခြင်းတို့ကို ဂရုပြုခြင်းဖြင့် လေလွင့်ဆုံးရှုံးမှုကို လျော့ချရပါမည်။ တောင်သူများအနေဖြင့် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း (MPBMSMA) နှင့် နိုင်ငံတော်မှပံ့ပိုးသော ဈေးကွက်သတင်းအချက်အလက်များကို ပုံမှန်လေ့လာကြည့်ရှုလျက် အရည်အသွေးမီသီးနှံများကို အစဉ်တစိုက် စိုက်ပျိုးထုတ်လုပ်ပေးရမည်ဖြစ်ပါသည်။

၂။ နိုင်ငံတော်၏ မူဝါဒနှင့် အခြေခံအဆောက်အအုံ ပံ့ပိုးရေးကဏ္ဍ

နိုင်ငံတော်အနေဖြင့် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် အထောက်အကူပြုမည့် မူဝါဒများနှင့် အခြေခံအဆောက်အအုံများကို စနစ်တကျ ပံ့ပိုးပေးရပါမည်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနများမှတစ်ဆင့် ပြည်ပဈေးကွက်က လိုလားသောမျိုးသစ်များကို သုတေသနပြုထုတ်လုပ်ပြီး တောင်သူများထံ သက်သာသောဈေးနှုန်းဖြင့် အချိန်မီဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးစရိတ်ချေးငွေများနှင့် အရည်အသွေးမီ သွင်းအားစုများ အလွယ်တကူရရှိနိုင်ရေး၊ ကျေးလက်ကုန်ထုတ်လမ်းများ၊ လျှပ်စစ်မီးနှင့် စံချိန်မီသိုလှောင်ရုံများ တည်ဆောက်ပံ့ပိုးပေးခြင်းတို့ကို ဦးစားပေးဆောင်ရွက်ရပါမည်။

ဝယ်ယူသူနိုင်ငံများနှင့် ကုန်သွယ်မှု မူဝါဒတည်ငြိမ်မှုရှိစေရန် G2G သဘောတူညီချက်များ ခိုင်မာစွာချုပ်ဆိုခြင်းနှင့် ပြည်ပပို့ကုန်များ စံချိန်စံညွှန်းပြည့်မီကြောင်း သက်သေပြနိုင်မည့် အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု အရည်အသွေးစစ်ဆေးရေးဓာတ်ခွဲခန်းများကို တိုးမြှင့်ဖန်တီးပေးခြင်းဖြင့် တောင်သူများ၏ အရည်အသွေးမီသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုကို စဉ်ဆက်မပြတ် တိုးမြှင့်အောင် ပံ့ပိုးပေးရန်လိုအပ်ပါသည်။

၃။ ကုန်သည်နှင့် ပို့ကုန်လုပ်ငန်းရှင်များ၏ တန်ဖိုးမြှင့်ဈေးကွက်ရှာဖွေရေးကဏ္ဍ

ကုန်သည်များနှင့် ပို့ကုန်လုပ်ငန်းရှင်များသည် တောင်သူနှင့် ပြည်ပဈေးကွက်ကို ချိတ်ဆက်ပေးသူများဖြစ်သည့်အတွက် တောင်သူများနှင့် အကျိုးတူပူးပေါင်းစိုက်ပျိုးခြင်းစနစ်ကို ဦးစားပေး၍ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ဖော်ဆောင်ရမည်ဖြစ်ပါသည်။

အရည်အသွေးကောင်းမွန်သော ပဲများကို ထိုက်တန်သည့်ဈေးနှုန်းပေး၍ ဝယ်ယူခြင်းဖြင့် တောင်သူများ အရည်အသွေးမြှင့်လိုစိတ်ကို တွန်းအားပေးရပါမည်။ ပဲများကို ကုန်ကြမ်းအတိုင်း တင်ပို့ခြင်းထက် သန့်စင်ခြင်း၊ ကြိတ်ခွဲခြင်း၊ Grading ရွေးချယ်ခြင်းနှင့် ထုပ်ပိုးမှုစနစ်များ မြှင့်တင်ကာ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲတင်ပို့ခြင်းဖြင့် အိန္ဒိယဈေးကွက်တစ်ခုတည်းအပေါ် မှီခိုနေမှုကိုလျော့ချ၍ တရုတ်၊ အာဆီယံနှင့် ဥရောပဈေးကွက်သစ်များသို့ တိုးချဲ့ထိုးဖောက်ခြင်း၊ ခေတ်မီသိုလှောင်မှုနည်းစနစ် Cold Storage များဖြင့် ပဲ၏အရည်အသွေးမပျက် ထိန်းသိမ်းခြင်းတို့ဖြင့် ကမ္ဘာ့ဈေးကွက်တွင် ခိုင်မာသော နေရာတစ်ခု ရယူသင့်ပါသည်။

မြန်မာ့ပဲမျိုးစုံ အရည်အသွေးမြှင့်တင်ခြင်းမှသည် ကမ္ဘာ့ဈေးကွက်သို့ တိုးချဲ့ထိုးဖောက်ခြင်း

ဆက်လက်တင်ပြမည့်အကြောင်းအရာမှာ "မြန်မာ့ပဲမျိုးစုံ ထုတ်လုပ်မှုပမာဏနှင့် အရည်အသွေးမြင့်မားလာမှုမှတစ်ဆင့် ကမ္ဘာ့ဈေးကွက် သစ်များသို့ တိုးချဲ့ထိုးဖောက်နိုင်မည့်အခွင့်အလမ်းများ" အကြောင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပဲမျိုးစုံကုန်သွယ်မှုစနစ်ကို လေ့လာကြည့်ပါက အဓိက အားနည်းချက်ကြီးတစ်ခုကို တွေ့ရမည်ဖြစ်ပြီး အဆိုပါ အားနည်းချက်မှာ **Market Concentration Risk** ဟုခေါ်သည့် **အိန္ဒိယနှင့် တရုတ် ဈေးကွက်ကြီးနှစ်ခုအပေါ်၌သာ ရာနှုန်းပြည့်နီးပါးမှီခိုနေရခြင်း**ဖြစ်ပါသည်။ သို့သော်လည်း တောင်သူများ၏ထုတ်လုပ်မှုပမာဏနှင့် အရည်အသွေးကို တစ်ပြိုင်နက်တည်း မြှင့်တင်နိုင်ပါက ကျွန်ုပ်တို့၏ ပို့ကုန်ကဏ္ဍအတွက် အကြီးမားဆုံး အလှည့်အပြောင်းတစ်ခု ဖြစ်လာမည်မှာ သေချာပါသည်။

အရည်အသွေး စံချိန်စံညွှန်းမီပြီး ဓာတုဓာတ်ကြွင်းကင်းစင်သော မြန်မာ့ပဲများသည် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့အပြင် **အာဆီယံ ဒေသတွင်း ဈေးကွက်များ**ဖြစ်သည့် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် စင်ကာပူနိုင်ငံတို့သို့ **AFTA အခွန်ကင်းလွတ်ခွင့်** ကို အသုံးပြုကာ ထိုးဖောက်ဝင်ရောက်နိုင်မည်ဖြစ်ပါသည်။

ထို့ပြင် မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းကို အမြောက်အမြားစားသုံးပြီး အရည်အသွေးကောင်းမွန်ပါက ဈေးနှုန်းမြှင့်ပေးခေလေ့ရှိသည့် **UAE၊ ဆော်ဒီအာရေဗျ၊ အီဂျစ်နှင့် တူကီယဲ အပါအဝင် အရှေ့အလယ်ပိုင်း High-end ဈေးကွက်များ**သို့ လည်းကောင်း၊ Vegan နှင့် ကျန်းမာရေးလိုက်စားသူများပြားသည့် **ဂျာမနီ၊ နယ်သာလန်နှင့် ဗြိတိန်အစရှိသော EU ဈေးကွက်များ**သို့လည်းကောင်း၊ ပဲပင်ပေါက်ဖောက်ခြင်းနှင့် မုန့်ပဲသရေစာများအတွက် အရည်အသွေးမြင့် မတ်ပဲနှင့် ပဲတီစိမ်းကို အလိုရှိနေသည့် **ဂျပန်နှင့် တောင်ကိုရီးယားကဲ့သို့ အရှေ့အာရှ အဆင့်မြင့်ဈေးကွက်များ**သို့လည်းကောင်း တိုက်ရိုက်တင်ပို့နိုင်မည့် အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ပါသည်။

ဤကဲ့သို့ အရည်အသွေးမြင့်တက်လာခြင်းသည် ပမာဏတိုးတက် ရုံသာမက စီးပွားရေးအရလည်း ကြီးမားသည့်တွက်ခြေကို ပေးစွမ်းနိုင်မည်ဖြစ်ပါသည်။ ပဲများကို မူလအတိုင်း အစုလိုက်အပြုံလိုက် တင်ပို့ရာမှ "Premium Grade" အဖြစ်ပြုပြင်၍ **ပုံမှန်ပေါက်ဈေးထက် ၂၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ ပိုမိုမြင့်မားသည့် Premium Price** ကို ရရှိနိုင်မည့်အပြင် ပဲခွဲခြမ်း (Split Dhal)၊ ပဲမှုန့် (Flour) နှင့် အသင့်စား ပဲသရေစာများအဖြစ် ပြောင်းလဲထုတ်လုပ်သည့် **Value-Added Products** များ တင်ပို့နိုင်သဖြင့် ပို့ကုန်တန်ဖိုး ဆတိုးတိုးတက်လာမည် ဖြစ်ပါသည်။ အကျိုးဆက်အနေဖြင့် ဒေါ်လာနှင့် ယူရိုကဲ့သို့ ခိုင်မာသည့် နိုင်ငံခြားငွေကြေးများ တိုက်ရိုက်စီးဝင်လာပြီး ပို့ကုန်ကဏ္ဍတစ်ခုလုံး၏ Growth Rate ကို သိသိသာသာ တိုးမြှင့်လာစေမည်ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ၏ သွင်းကုန်မူဝါဒပြောင်းလဲတိုင်း မြန်မာ့ပဲဈေးကွက် ရိုက်ခတ်မှုဒဏ်ခံရသည့်ဘဝမှ လွတ်မြောက်နိုင်ရန်အတွက်လည်း ဈေးကွက်သစ်များသို့ ခွဲဝေတင်ပို့ခြင်းက အဓိကသော့ချက်ဖြစ်ပါသည်။ ဈေးကွက် လေး၊ ငါးခုသို့ ဖြန့်ကြက်ထားနိုင်ပါက ဝယ်လိုအားပိတ်ပင်မှုသို့မဟုတ် အခွန်တိုးမြှင့်မှုဒဏ်များကို ကြံ့ကြံ့ခံနိုင်မည်ဖြစ်ကာ နိုင်ငံအလိုက် ပွဲတော်ရက်များနှင့် ရိတ်သိမ်းချိန်များမတူညီကြသည့် အတွက် တစ်နှစ်ပတ်လုံး ပုံမှန်ဈေးကွက်ဝယ်လိုအားရှိနေပြီး ရိတ်သိမ်းချိန် ဈေးနှုန်းကျဆင်းမှုကို ထိန်းသိမ်းထားနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ပြည်ပစူပါမားကက်ကြီးများ၊ အစားအသောက်ကုမ္ပဏီကြီးများနှင့် တစ်နှစ်မှသုံးနှစ်အထိ သေချာရေရာသည့် **ရေရှည်အရောင်းအဝယ် စာချုပ်များ**ကိုပါ စိတ်ချလက်ချ ချုပ်ဆိုနိုင်လာမည်ဖြစ်ပါသည်။

ကမ္ဘာ့ဈေးကွက်အတွင်း၌ ကနေဒါ၊ ဩစတြေးလျှနှင့် ယူကရိန်းတို့ကဲ့သို့ ပြိုင်ဘက်များနှင့် ယှဉ်ပြိုင်ရာတွင်လည်း မြန်မာနိုင်ငံ၏ စိုက်ပျိုးစရိတ်နှင့် လုပ်အားခသက်သာမှုကြောင့် ရရှိမည့် **ဈေးနှုန်း ယှဉ်ပြိုင်နိုင်စွမ်း**၊ အာရှနှင့် အရှေ့အလယ်ပိုင်းသို့ ရေလမ်းခရီးနီးကပ်သဖြင့် သယ်ယူပို့ဆောင်စရိတ်သက်သာကာ အချိန်တိုအတွင်း ပို့ဆောင်နိုင်သည့် **Geographical Advantage** တို့က အသာစီးရစေမည် ဖြစ်ပါသည်။

ထို့အပြင် **"Myanmar Pulses"** ဟူသည့် သန့်ရှင်းလတ်ဆတ်မှုနှင့် စံချိန်စံညွှန်းမီမှုဟူသော Brand Reputation ပေါ်ထွက်လာပြီး ကမ္ဘာ့ကုန်စည်ဒိုင်များတွင် ဦးစားပေး တောင်းဆိုလာကြမည်ဖြစ်ရာ တောင်သူများ၏ထုတ်လုပ်မှုပမာဏနှင့် အရည်အသွေးမြင့်မားလာခြင်းသည် ပို့ကုန်တင်ပို့သူများအတွက် ကမ္ဘာ့ဈေးကွက် စင်မြင့်ထက်သို့ တက်လှမ်းနိုင်မည့် အကောင်းဆုံး သော့ချက်တစ်ခုဖြစ်လာမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့ မြန်မာ့ပဲမျိုးစုံကဏ္ဍသည် ကုန်ကြမ်းရောင်းချသူဘဝမှ ကမ္ဘာ့ပဲဈေးကွက်ကို လွှမ်းမိုးနိုင်သော၊ စေတနာရှိကထုတ်မှုနှင့် အရည်အသွေးပြည့်ဝသော လုံခြုံစိတ်ချရသည့် ပို့ကုန်ကဏ္ဍအဖြစ်သို့ မလွဲမသွေ ကူးပြောင်းရောက်ရှိသွားတော့မည် ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

နိဂုံးချုပ်

ခြုံငုံသုံးသပ်ရသော် မြန်မာ့ပဲမျိုးစုံကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများ၏ GAP စနစ်သုံး တန်ဖိုးမြှင့် စိုက်ပျိုးထုတ်လုပ်မှု၊ နိုင်ငံတော်၏ အခြေခံအဆောက်အအုံနှင့် မူဝါဒဆိုင်ရာ ပံ့ပိုးမှု၊ ပို့ကုန်လုပ်ငန်းရှင်များ၏ တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းနှင့် ဈေးကွက်သစ်ဖောက်ကားခြင်းတို့သည် ကွင်းဆက်တစ်ခုအဖြစ် အပြန်အလှန် အဓိသပဟဲပြုနေပါသည်။ သို့ဖြစ်ပါ၍ ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများ ဆက်စပ်ချိတ်ဆက်ဆောင်ရွက်သွားပါက မြန်မာ့ပဲမျိုးစုံကဏ္ဍ၏ အနာဂတ်အလားအလာမှာ ပြည်တွင်း၌သာမက နိုင်ငံတကာဈေးကွက်တွင်ပါ ရေရှည်ခိုင်မာစွာ ရပ်တည်သွားနိုင်မည် ဖြစ်ပါသည်။

မြဝတီမြို့ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၌ ဆီမီးကိုးထောင် ထွန်းညှိပူဇော်

မြဝတီ အောက်တိုဘာ ၁၉

ကရင်ပြည်နယ် မြဝတီမြို့ရှိ သမိုင်းဝင်ဆံတော်ရှင် ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၌ ယမန်နေ့နံနက် ၄ နာရီတွင် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ အလှူရှင် ဒါယကာ ဒါယိကာမများက ဆီမီးကိုးထောင် ထွန်းညှိပူဇော်ကြသည်။

ဆီမီးကိုးထောင်ထွန်းညှိပူဇော်လှူဒါန်းရာတွင် အမှတ် (၅) ရပ်ကွက်နေ အလှူရှင် ခွန်ဖိုးမြိုင်မိသားစု၏ မတည်လှူဒါန်းမှုဖြင့် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ အလှူရှင်များက သံဃာတော်များအား အရက်ဆွမ်း၊ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး ရွှေမြင်းဝန်ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ အရှေ့၊ အနောက်၊ တောင်၊ မြောက်ရှိ စေတီတော်များ၌ ဆီမီးထွန်းညှိပူဇော်ခဲ့ကာ ပရိတ်တရားတော်များ ရွတ်ဖတ်သရဏဂုံဆယ်ပူဇော်ခဲ့ကြသည်။

ဧည့်ခံ

ထို့နောက် မတည်အလှူရှင် ခွန်ဖိုးမြိုင်မိသားစု၏ လှူဒါန်းမှုဖြင့် ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ အလှူရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဘုရားဖူးလာပြည်သူများအား စတုဒိသာအလှူဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)



ချင်းပြည်နယ် ဖလမ်းမြို့နယ်၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ကာလအတန်ကြာရပ်နားထားသည့် ကာကွယ်ဆေးထိုးလုပ်ငန်းများ ပြန်လည် လည်ပတ်ဆောင်ရွက်လျက်ရှိ

ဖလမ်း အောက်တိုဘာ ၁၉

ချင်းပြည်နယ် ဖလမ်းမြို့နယ်တွင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ကာလအတန်ကြာ ရပ်နားထားသည့် ကာကွယ်ဆေးထိုးလုပ်ငန်းများ ပြန်လည်လည်ပတ်ဆောင်ရွက်နေပြီဖြစ်ရာ ယနေ့မွန်းလွဲပိုင်းတွင် ဖလမ်းမြို့မြို့တော်ခန်းမနှင့် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရှလွယ်ခန်းမ၌ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးဆောင်ရွက်ခြင်းနှင့် ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးခြင်းများ ဆောင်ရွက်သည်။



အဆိုပါ ကာကွယ်ဆေးထိုးနှံခြင်း အခမ်းအနားတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်က အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာနပြည်သူ့ကျန်းမာရေး ဦးစီးဌာနဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကျော်ကံကောင်းက နိုင်ငံတော်မှ နှစ်စဉ်မွေးဖွားလျက်ရှိသည့် ကလေးငယ်များအား ချင်းပြည်နယ်ကဲ့သို့ ခက်ခဲဒေသများမကျန် ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည့် အစီအစဉ်ကိုလည်းကောင်း၊ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်း ထိုးနှံပေးရခြင်း အကြောင်းနှင့်ပတ်သက်၍ လည်းကောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်း ထိုးနှံခြင်းအတွက် ပြည်သူလူထုသို့ အသိပေးရှိုးဆော်သည့် Video Clip ကို ပြသသည်။

အခမ်းအနားအပြီးတွင် နေရပ်ပြန်ဒေသခံများဖြစ်သည့် အသက် (၉)လမှ (၅)နှစ်အရွယ် ကလေးများအား ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးသည်။

ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းကို အောက်တိုဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ယနေ့တွင် ကလေး ၆၀ အား ထိုးနှံပေးကြောင်း သိရသည်။

ဆက်လက်၍ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရှလွယ်ခန်းမတွင် ကျင်းပသည့် ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာ ရောဂါ ကာကွယ်ဆေး (HPV) ထိုးနှံနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဖလမ်းမြို့ပေါ်ရှိ အခြေခံပညာမူလတန်းလွန် ကျောင်းနှင့် အထက်တန်း ကျောင်းများမှ အသက် (၉)နှစ်မှ (၁၁)နှစ်အရွယ် ကျောင်းသူ ၇၃ ဦး တို့အား သားအိမ်ခေါင်းကင်ဆာ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ထို့အတူ ခုတိယဝန်ကြီးနှင့် ချင်းပြည်နယ် လွှတ်တော်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်တို့သည် ချင်းပြည်နယ်အတွင်း ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ နံနက်ပိုင်းကလည်း ဖလမ်းမြို့တွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြစ်သည့် ဖလမ်းခရိုင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံး ရုံးအဆောက်အအုံ ပြုပြင်ပြီးစီးမှုနှင့် ဝန်ထမ်းများ တာဝန်ထမ်းဆောင်နေမှု အခြေအနေ၊ ၆၆ ကေဗွီဓာတ်အားခွဲရုံ ပြန်လည် ပြုပြင် တည်ဆောက်ပြီးစီးမှုနှင့် စက်ပစ္စည်းအခြေအနေ၊ လျှပ်စစ်ဝန်ထမ်းအိမ်ရာ ပြုပြင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး မဟာဓာတ်အားပိုင်းမှ လျှပ်စစ်ဓာတ်အားပြန်လည်ရရှိသည့်အချိန်တွင် မြို့တွင်း လျှပ်စစ်ဓာတ်အားဖြန့်ဝေနိုင်ရေး လိုအပ်သည်များ စီမံဆောင်ရွက်ထားရန်၊ ရုံးတွင်းရုံးပြင် သာယာလှပရေး ဆောင်ရွက်ရန်၊ ဆယ်တင်ပစ္စည်းများကို စနစ်တကျသိမ်းဆည်းထားရှိပြီး လိုအပ်သည့်အချိန်တွင် ပြန်လည် အသုံးပြုနိုင်ရေးပြင်ဆင်ထားရှိရန် မှာကြားသည်။

ထိုမှတစ်ဆင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖလမ်းခရိုင် ကြီးကြပ်ရေးရုံး အဆောက်အအုံပြုပြင်ပြီးစီးမှုနှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အမှုထမ်း၊ အရာထမ်း ဝန်ထမ်းအိမ်ရာများ ပြုပြင်ပြီးစီးမှုနှင့် အိမ်ရာများတွင် ဝန်ထမ်းများ နေထိုင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ရုံးနှင့် ဝန်ထမ်းအိမ်ရာ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ ရေးစီးရေလောကောင်းမွန်ရေး ဆောင်ရွက်သွားရန်နှင့် ဝန်ထမ်းများ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့် အညီပြည်သူများအား ကောင်းမွန်သည့် ဝန်ဆောင်မှုပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံ

သာပေါင်း အောက်တိုဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်း လုပ်ငန်းကို အောက်တိုဘာ ၁၉ ရက်က မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံရာသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုကို၎င်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းသိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက လာရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသည်။

နိုင်ငံတစ်ဝန်းလုံးတွင် ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းတွင် ကာကွယ်ဆေးထိုးနှံဖူးသည်ဖြစ်စေ၊ မထိုးနှံဖူးသည်ဖြစ်စေ အသက်(၉)လမှ (၅၉)လအရွယ် ကလေးငယ်များအား သက်ဆိုင်ရာဆေးထိုးစုရုပ်များတွင် မပျက်မကွက် သွားရောက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သာပေါင်း(ပြန်/ဆက်)



အပူဒဏ်ဆိုင်ရာ ကျန်းမာရေးပြဿနာများ စနစ်တကျတုံ့ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိ

အုတ်ဖို အောက်တိုဘာ ၁၉

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်တွင် အပူဒဏ်ဆိုင်ရာကျန်းမာရေးပြဿနာများအား စနစ်တကျတုံ့ပြန်နိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနက အသိပညာပေးဟောပြောပွဲများ ကျင်းပခြင်း၊ လက်ကမ်းစာစောင်များဝေငှခြင်း၊ ဆေးရုံများတွင် အပူဒဏ်အန္တရာယ်ဖြင့် လူနာများ ရောက်ရှိလာပါက ကုသမှုပေးနိုင်ရေးအတွက် ဆေးဝါးများ ဖြည့်ဆည်းခြင်း၊ အပူဒဏ်သင့်လူနာဆောင်များ သတ်မှတ်ဆောင်ရွက်ထားရှိခြင်း၊ ကြိုတင်ဓာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်သူ(အုတ်ဖို)



ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသည့် MOONSUN စက်သုံးဆီအရောင်းဆိုင်နှင့် Denko NayPyiTaw စက်သုံးဆီအရောင်းဆိုင်များအား အောက်တိုဘာ ၁၉ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးညီညီဝင်း ဦးစီး၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်စဉ်။

အောင်ကို(ပုဗ္ဗသီရိ)



ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၁၀-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ဝိုင်း	မကွေး	ထားဝယ်	ရုံးချော	ပုသိမ်	မြစ်ကြီးနား	စစ်ကိုင်း	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	ဘွဲ့ကြီးတော်	ဟားခါး
92 Ron	၄၇၀၅	၄၈၆၀	၄၊၀၁၀	၄၇၂၀	၄၈၆၅	၄၈၈၀	၄၉၁၀	၄၇၉၀	၅၁၆၀	၅၂၄၀	၄၊၀၁၀	၄၉၆၅	၄၉၀၀	၄၈၆၀	၄၈၇၀	၅၁၀၀
95 Ron	၄၈၅၀	၅၀၀၅	၄၉၅၅	၄၈၆၀	၅၀၁၀	၅၀၂၅	၅၀၄၅	၄၉၃၅	၅၃၀၅	၅၂၀၅	၄၉၅၅	၅၀၃၅	၅၀၀၅	၅၀၀၅	၅၀၀၅	၅၂၅၅
HSD (500 ppm)	၄၃၈၅	၄၆၄၅	၄၅၉၀	၄၅၈၀	၄၆၆၀	၄၆၆၀	၄၆၆၅	၄၅၇၀	-	၄၉၅၀	၄၅၉၀	၄၅၆၀	၄၆၆၅	၄၆၄၅	၄၆၆၅	၄၈၆၅
HSD (50 ppm)	၅၄၄၀	၅၅၀၅	၅၄၄၅	၅၄၄၅	၅၆၀၀	၅၆၀၅	၅၆၀၅	၅၅၂၅	၅၅၀၅	၅၅၂၅	၅၄၄၅	၅၅၀၅	၅၅၀၀	၅၆၀၅	၅၆၀၅	၅၈၀၅
HSD (10 ppm)	၅၄၄၀	၅၅၀၅	၅၄၄၅	၅၄၄၅	၅၆၀၀	၅၆၀၅	၅၆၀၅	၅၅၂၅		၅၅၀၅	၅၄၄၅	၅၅၀၅	၅၅၀၀	၅၆၀၅	၅၆၀၅	၅၈၀၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၄၇၆	၄၅၉၉
95 Ron	၄၆၀၆	၄၇၄၂
HSD (500 ppm)	၄၂၂၀	၄၃၉၄
HSD (50 ppm)	၅၁၀၀	၅၁၂၂
HSD (10 ppm)	၅၁၀၀	၅၁၂၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၅၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသို့လှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

လူငယ်နှင့် အနာဂတ်နိုင်ငံတော်

ဒေါက်တာသန်းထွန်း ၆၉ ဆေး၂

လူငယ်နှင့် အနာဂတ်ကိုပြောလျှင် လူငယ်ဟူသည် အသက်အရွယ်အားဖြင့် ဆယ်ကျော်သက်မှ သုံးဆယ်ခန့်အထိရှိသူများဖြစ်၍ နိုင်ငံ၏ အင်အားနှင့် စွမ်းအားအရင်းအမြစ်ဖြစ်သည်။

ဤနေရာ၌ အနာဂတ်ဟူသည် လူငယ်တစ်ဦးချင်း၏ အလုပ်အကိုင်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝအောင်မြင်မှုသာမက ၎င်းတို့ လက်ထက်၌ တည်ဆောက်မည့် နိုင်ငံတော်၏စီးပွားရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးတို့ကိုပါဆိုလိုသည်။

ထို့ကြောင့် “လူငယ်တို့၏ အနာဂတ်”ဟု ပြောဆိုခြင်းမှာ တစ်နိုင်ငံလုံး၏ မနက်ဖြန်ကို ပြောဆိုခြင်းပင်ဖြစ်သည်။

ကမ္ဘာကြီးသည် လျင်မြန်စွာ ပြောင်းလဲနေသောကြောင့် စဉ်ဆက်မပြတ် လေ့လာသင်ယူလိုစိတ် (Lifelong Learning) သည် နည်းပညာနှင့်အတူ ကမ္ဘာကိုရင်ပေါင်တန်းအမီလိုက်နိုင်ရန် လူငယ်များကိုပြုစုပျိုးထောင်နိုင်ရန် လိုပေသည်။

လူငယ်တို့သည် တိုင်းပြည်အတွက်အရေးကြီးပါသည်။ လူငယ်ကို မျိုးစေ့ကောင်းကဲ့သို့ ပြုစုပျိုးထောင်နိုင်လျှင် နိုင်ငံသည် ရာစုတစ်ခုလုံး အသီးအပွင့် ခံစားနိုင်၍ လျစ်လျူရှုလျှင် ထိုဆုံးရှုံးမှုကို မျိုးဆက်များစွာ ထမ်းရသည်။

ဤတာဝန်သည် တစ်ဦးတည်း၌မရှိဘဲ အစိုးရ၊ မိသားစု၊ ကျောင်းနှင့် လူ့အဖွဲ့အစည်းတို့၌ တာဝန်ရှိသည်။ သို့သော် နိုင်ငံက မူဝါဒချမှတ်၍ ပညာရေး၊ အလုပ်အကိုင်၊ အခွင့်အလမ်းနှင့် ငြိမ်းချမ်းသောပတ်ဝန်းကျင်ကိုဖန်တီးပေးရန် တာဝန်သည် အစိုးရတွင် အရှိဆုံးဖြစ်သည်။

လူငယ်များကို ကမ္ဘာ့နိုင်ငံများက အဘယ်ကြောင့် အလေးထားကြသနည်းဆိုလျှင် လူသားအရင်းအမြစ်သည် သဘာဝသယံဇာတထက် ပိုမိုတန်ဖိုးရှိခြင်းကြောင့်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံသည် စစ်အပြီး ဆင်းရဲမွဲတေသောနိုင်ငံမှ ပညာရေးကို အဓိကထား ရင်းနှီးမြှုပ်နှံခြင်းကြောင့် ဆယ်စုနှစ်အနည်းငယ်အတွင်း စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်လာသည်။ စင်ကာပူသည် သဘာဝသယံဇာတမရှိသော်လည်း လူ့စွမ်းအားအရင်းအမြစ်ကိုအခြေခံ၍ ကမ္ဘာ့ဌာနချုပ်ဖွံ့ရာ နိုင်ငံဖြစ်လာသည်။

ဖင်လန်နိုင်ငံသည် ဆရာအရည်အသွေးနှင့် အခမဲ့ပညာရေးကို အားပေးခဲ့၍ ပညာရေးအဆင့်မီနိုင်ငံအဖြစ် ကမ္ဘာက အသိအမှတ်ပြုခံရသည်။

မြန်မာနိုင်ငံသည် လူငယ်တို့၏အနာဂတ်ကို မည်သို့ပြင်ဆင်ပေးမည်နည်းဆိုသည့်မေးခွန်းနှင့်ပတ်သက်၍ အဖြေများစွာ ဖြေရမည်ဖြစ်ပါသည်။ ပထမဦးစွာ ငြိမ်းချမ်းသော၊ လုံခြုံသော ပတ်ဝန်းကျင်ကို တည်ဆောက်ရန်လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် ကျောင်းများပိတ်၍ မိသားစုများပြိုကွဲနေလျှင် မည်သည့်စီမံကိန်းမျှ အကျိုးမသက်ရောက်နိုင်သောကြောင့်ဖြစ်သည်။

ထို့နောက် နိုင်ငံတော်က အရည်အသွေးရှိ အခြေခံပညာ၊ လက်တွေ့အသုံးဝင်သော ကျွမ်းကျင်မှုသင်တန်း၊ ဘာသာစကားနှင့် ဒီဂျစ်တယ်ပညာ၊ လူငယ်စီးပွားရေးလုပ်ငန်းများအတွက် အရင်းအနှီးနှင့် ပံ့ပိုးမှုတို့ကို စနစ်တကျ ထောက်ပံ့ပေးရမည်ဖြစ်သည်။

လူငယ်တို့သည် မိမိတို့၏အနာဂတ်ကို မည်သို့ဖန်တီးကြမည်နည်းဆိုလျှင် လူငယ်တို့သည် မိမိတို့၏အခြေအနေကို ရိုးသားစွာ အကဲဖြတ်၍ ရည်မှန်းချက်ရင်းလင်းစွာ ချမှတ်ရမည်။ စာဖတ်ခြင်း၊ ကျွမ်းကျင်မှုသင်ယူခြင်း၊ ဘာသာစကားနှင့် နည်းပညာကို လေ့လာခြင်းတို့ဖြင့် မိမိကိုယ်ကိုအဆင့်မြှင့်တင်ရမည်။

ထို့ပြင် စည်းကမ်း၊ ရိုးသားမှု၊ အဖွဲ့လိုက်လုပ်ကိုင်နိုင်စွမ်းတို့ကို ထား၍၍ အခက်အခဲကြားမှ ဆက်လက်ကြိုးစားသော၊ လေ့လာသော စဉ်ဆက်မပြတ်သင်ယူမည့်စိတ်ဓာတ်ကို မွေးမြူရမည်ဖြစ်သည်။

အစိုးရအပြင် မိဘနှင့် မိသားစုသည် ပထမဆုံးထောက်ခံသူများဖြစ်၍ ဆရာများနှင့် ကျောင်းအဖွဲ့အစည်းတို့သည် လမ်းညွှန်သူများဖြစ်သည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်ပရောက် မြန်မာအသိုင်းအဝိုင်းတို့သည်လည်း ပညာသင်ဆုများ၊ အလုပ်သင်ကာလများ၊ ကျွမ်းကျင်မှုသင်တန်းများဖြင့် ကူညီနိုင်သည်။

နိုင်ငံတော်၊ မိဘ၊ ဆရာ ဆရာမများ၊ လူမှုအဖွဲ့အစည်းများက ၎င်းတို့ကိုအလေးမထားလျှင် ဆိုးရွားသည့်ရလဒ်များနှင့်သာ ကြုံတွေ့ရမည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် လူငယ်တို့ကို လျစ်လျူရှုလျှင် အလုပ်လက်မဲ့ပြဿနာ၊ ပြည်ပသို့ ပညာတတ်များ စုပြုံထွက်ခွာမှု (brain drain)၊ လူမှုရေးမငြိမ်သက်မှုတို့က ပြည်တွင်း၌ ပေါ်ပေါက်လာတတ်သည်။

ဂရိနှင့် စပိန်နိုင်ငံတို့၌ ၂၀၁၀ ပြည့်နှစ်များအစောပိုင်းက စီးပွားရေးအကျပ်အတည်းကြောင့် လူငယ်အလုပ်လက်မဲ့နှုန်း ၅၀ ရာခိုင်နှုန်းကျော်အထိတက်ခဲ့၍ ပညာတတ်လူငယ်များစွာ ပြည်ပသို့ထွက်ခွာခဲ့ရသည်။

တူနီးရှား စသည့်အာရပ်ကမ္ဘာနိုင်ငံများ၌လည်း လူငယ်များ၏ မျှော်လင့်ချက်ပျက်မှုနှင့် အလုပ်လက်မဲ့ပြဿနာသည် လူထုအုံကြွမှုများ၏ အဓိကအကြောင်းရင်းတစ်ခုဖြစ်ခဲ့သည်။

လူငယ်တို့၏အနာဂတ်ကို အလေးထားလျှင် နိုင်ငံတော်မှရရှိမည့်အကျိုးများမှာ များပြားလှ၏။ အလေးထားလျှင် စီးပွားရေးတိုးတက်၍ ဆင်းရဲမွဲတေမှုလျော့ကျကာ ဆန်းသစ်တီထွင်မှုများ တိုးပွားလာသည်။ လူငယ်တို့ကြောင့် နိုင်ငံ၏ အခွန်ထမ်းသူများ၊ ခေါင်းဆောင်များ၊ ဆရာဝန်၊ ပညာရှင်၊ ကျွမ်းကျင်လုပ်သားများ ဖြစ်လာ၍ လူ့အဖွဲ့အစည်းတည်ငြိမ်လာမည်ဖြစ်ပါသည်။

ထို့ပြင် ပညာနှင့် တန်ဖိုးထားမှုတို့ကို မျိုးဆက်ပေါင်းများစွာ လက်ဆင့်ကမ်းနိုင်၍ နိုင်ငံတော်၏ရှေ့ရည်တည်ငြိမ်မှုကို အာမခံနိုင်သည်။

နောက်ထပ်အရေးကြီးသည်မှာ လူငယ်များအား ကမ္ဘာကို ရင်ပေါင်တန်းအမီလိုက်နိုင်ရန် ပြည်ပနိုင်ငံအသီးသီးအကြောင်း ကျောင်း၊ တက္ကသိုလ်၊ ရပ်ကွက်နှင့် အွန်လိုင်းနေရာများ၌ ပုံမှန်ကျင်းပ၍ အောင်မြင်သော လူငယ်လုပ်ငန်းရှင်များ၊ ပညာရှင်များ၊ ပြည်ပရောက်မြန်မာများကို ဧည့်သည်ပြောဆိုသူများအဖြစ် ဖိတ်ကြား၍ ဆောင်ရွက်သင့်ပါသည်။

ထို့ပြင် ပွဲ၏ရလဒ်များကို မှတ်တမ်းတင်၍ လက်တွေ့လုပ်ငန်းစီမံကိန်းများအဖြစ် ဆက်လက်အကောင်အထည်ဖော်မှသာ ယင်းပွဲများသည် အဓိပ္ပာယ်ရှိ အကျိုးသက်ရောက်မည်ဖြစ်ပါသည်။

လူငယ်တို့၏အနာဂတ်ကို အကောင်အထည်ဖော်ရာ၌ မည်သည်တို့ကို သင်ပေး၍ မည်သို့ လေ့ကျင့်ပေးသင့်သနည်းဆိုသည့်ကဏ္ဍ တွင်မူ-

ပထမဦးစွာ စာတတ်ဂဏန်းတတ်မှု၊ ဘာသာစကား၊ သိပ္ပံနှင့် နည်းပညာတို့ကို အခြေခံအဖြစ် သင်ကြားပေးရမည်။ ထို့နောက် ဝေဖန်ဆန်းစစ်တွေးခေါ်နိုင်စွမ်း၊ ပြဿနာဖြေရှင်းနိုင်စွမ်း၊ ဆက်သွယ်ပြောဆိုနိုင်စွမ်းနှင့် အဖွဲ့လိုက် လုပ်ကိုင်နိုင်စွမ်းတို့ကိုလည်း တန်းတူ အလေးထားရမည်။

ယင်းအပြင် ဘဏ္ဍာရေးဆိုင်ရာ ဗဟုသုတ၊ စီးပွားရေးလုပ်ငန်းစတင်တည်ထောင်နည်း၊ ဒီဂျစ်တယ်ကျွမ်းကျင်မှုနှင့် ကျင့်ဝတ်

> **❖ လူငယ်တို့သည် မိမိတို့၏အနာဂတ်ကို မည်သို့ဖန်တီးကြမည်နည်းဆိုလျှင် လူငယ်တို့သည် မိမိတို့၏အခြေအနေကို ရိုးသားစွာအကဲဖြတ်၍ ရည်မှန်းချက်ရှင်းလင်းစွာ ချမှတ်ရမည်။ စာဖတ်ခြင်း၊ ကျွမ်းကျင်မှုသင်ယူခြင်း၊ ဘာသာစကားနှင့် နည်းပညာကိုလေ့လာခြင်းတို့ဖြင့် မိမိကိုယ်ကို အဆင့်မြှင့်တင်ရမည်**
>
> **❖ ကျွမ်းကျင်လုပ်သားလိုအပ်ချက်ကို ဖြည့်ဆည်းရန် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေးကျောင်းများကို တိုးချဲ့၍ တက္ကသိုလ်ဝင်ခွင့်ရသူအရေအတွက်လည်း ဆယ်စုနှစ်များအတွင်း အလွန်တိုးတက်လာသည်။ လူငယ်စီးပွားရေးလုပ်ငန်းရှင်များအတွက် စီမံကိန်းတည်ထောင်ရန် နည်းပညာဥယျာဉ်များ (tech parks)၊ ပံ့ပိုးမှုအစီအစဉ်များနှင့် ဒေသန္တရအစိုးရ အားပေးမှုတို့လည်းရှိ**

ဖော်ပြသည့် နိုင်ငံခြားမှလာသော ဘာသာရပ်ပေါင်းစုံစာအုပ်များကိုရွေးချယ်ပေးပြီး ဖတ်ရှုရန်လမ်းညွှန်ခြင်းသည် အလွန်အရေးကြီး၏။

အရည်အသွေးကောင်းသော သိပ္ပံ၊ သမိုင်း၊ စီးပွားရေး၊ စာပေ အမြောက်အများကို မြန်မာဘာသာသို့ ဘာသာပြန်ဆိုပေးရန်နှင့် ကျောင်းနှင့် အများပြည်သူစာကြည့်တိုက်များ၌ အလွယ်ရရှိနိုင်စေရန် လည်း လိုအပ်ပါသည်။

ထို့ပြင် မိမိတို့ယဉ်ကျေးမှုကိုမမေ့ဘဲ အမြင်ကျယ်စွာ ဝေဖန်ဆန်းစစ်၍ ဖတ်ရှုလေ့လာတတ်သောစိတ်ဓာတ်ကို လူငယ်တို့အား သင်ကြားပေးသင့်သည်။

နိုင်ငံခြားနည်းလမ်းအချို့ကိုဖော်ပြရလျှင် ဂျာမနီ၏ အလုပ်သင်ပညာရေးစနစ် (dual vocational training) သည် ကျောင်းနှင့် စက်ရုံကိုပေါင်းစပ်၍ လူငယ်များကို အလုပ်အကိုင်သို့ တိုက်ရိုက်ရောက်စေသည်။

စင်ကာပူ၏ SkillsFuture စီမံကိန်းသည် နိုင်ငံသားအားလုံးကို တစ်သက်တာကျွမ်းကျင်မှုသင်ကြားရန် ထောက်ပံ့ပေးသည်။

ဥရောပနိုင်ငံများ၏ လူငယ်ကောင်စီများနှင့် ဆက်ခံမှုအစီအစဉ်များသည် လူငယ်တို့အား နိုင်ငံတော်က မူဝါဒချမှတ်ရာ၌ လက်တွေ့အကောင်အထည်ဖော်ရန်အတွက် အတုခိုးသင့်ပါသည်။

လူငယ်တို့အတွက် အဓိကတာဝန်ကို ပညာရေးဝန်ကြီးဌာနက ယူရမည်ဖြစ်၍ အလုပ်သမားဝန်ကြီးဌာနသည် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုသင်တန်းများကို တာဝန်ယူရပါမည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် အားနည်းသောလူငယ်များကို ကူညီရမည်ဖြစ်၍ အားကစားနှင့် လူငယ်ရေးရာဌာနတို့သည် လူငယ်များလှုပ်ရှားမှုကိစ္စအဝဝကို ဦးဆောင်ရမည်ဖြစ်သည်။

သို့ရာတွင် ဌာနများသည် တစ်ဦးချင်းလုပ်ဆောင်မည့်အစား ပေါင်းစပ်ညှိနှိုင်းသော နိုင်ငံတော်အဆင့် အမျိုးသားလူငယ်မူဝါဒ တစ်ရပ်ချမှတ်နိုင်ရန် လုပ်ကိုင်သင့်သည်တို့ကို လုပ်ကိုင်စေရမည်။

ဟောပြောပွဲ၊ ဆွေးနွေးပွဲနှင့် ဗိုလ်ခံများကိုပြုလုပ်စေကာ ဟောပြောသူက တစ်ဖက်သတ်ဟောပြောခြင်းမဟုတ်ဘဲ လူငယ်တို့ကိုယ်တိုင်မေးခွန်းမေးခွင့်၊ အကြံပြုခွင့်ရှိသော အပြန်အလှန် ဆွေးနွေးခြင်း (Discussion)ပုံစံဖြင့် စီစဉ်သင့်သည်။

စည်းကမ်းတို့ကို ထည့်သွင်းသင့်သည်။ လေ့ကျင့်ပေးရာ၌ စာတွင်သာမက၊ သတ်ဘဲ အလုပ်သင်ကာလ၊ စီမံကိန်းအခြေပြုသင်ယူမှု၊ စေတနာ့ဝန်ထမ်းလုပ်ငန်းနှင့် ကျွမ်းကျင်သူ လမ်းညွှန်ပေးမှု (mentorship) တို့ဖြင့် လက်တွေ့ပေါင်းစပ်သင်ကြားပေးမှသာ ရလဒ်ကောင်းရမည်ဖြစ်သည်။

အမေရိကန်၌ လူငယ်များကိစ္စနှင့်ပတ်သက်၍ များစွာအတုယူစရာရှိသည်။ ထင်ရှားသောအားသာချက်မှာ ဆန်းသစ်တီထွင်မှုနှင့် စွန့်ဦးတီထွင်သူ ယဉ်ကျေးမှုကိုဦးစားပေးသဖြင့် ကျောင်းသားများကို ကိုယ်တိုင်စမ်းသပ်ရန်၊ မေးခွန်းထုတ်ရန်၊ မအောင်မြင်လျှင်လည်း ပြန်လည်ကြိုးစားရန်အားပေးသည်။ တက္ကသိုလ်နှင့် စက်မှုလုပ်ငန်းတို့ချိတ်ဆက်ထားသဖြင့် သုတေသနမှ လုပ်ငန်းသို့ကူးပြောင်းရန် လွယ်ကူသည်။

ကောလိပ်တွဲ့ဆိုင်ရာ ပညာသင်ဆုများ၊ အလုပ်သင်အစီအစဉ်များနှင့် စေတနာ့ဝန်ထမ်းယဉ်ကျေးမှုလည်း အတုယူစရာဖြစ်၏။

သို့ရာတွင် ပညာသင်စရိုက်ကြီးမြင့်၍ ကျောင်းသားကြွေးမြီများပိမှုနှင့် ပညာရေးအရည်အသွေးမညီမျှမှုတို့မှာ ကာကွယ်ရမည့် အားနည်းချက်များလည်းရှိနေ၍ ယင်းတို့ကိုမူ အတုယူခြင်းမှ ရှောင်ကြဉ်ရပါမည်။

တရုတ်နိုင်ငံသည် လူငယ်တို့၏အနာဂတ်ကို ဖန်တီးပေးပုံမှာ ပညာရေးနှင့် နည်းပညာကို နိုင်ငံ၏ ဦးစားပေး မူဝါဒအဖြစ် ချမှတ်၍ သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနှင့် သခ်ၤာ(STEM) ပညာရပ်များ၌ ကြီးမားစွာ ရင်းနှီးမြှုပ်နှံခဲ့သည်။

ကျွမ်းကျင်လုပ်သားလိုအပ်ချက်ကို ဖြည့်ဆည်းရန် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေးကျောင်းများကို တိုးချဲ့၍ တက္ကသိုလ်ဝင်ခွင့်ရသူအရေအတွက်လည်း ဆယ်စုနှစ်များအတွင်း အလွန်တိုးတက်လာသည်။ လူငယ်စီးပွားရေးလုပ်ငန်းရှင်များအတွက် စီမံကိန်းတည်ထောင်ရန် နည်းပညာဥယျာဉ်များ (tech parks)၊ ပံ့ပိုးမှုအစီအစဉ်များနှင့် ဒေသန္တရအစိုးရ အားပေးမှုတို့လည်းရှိသည်။

သို့သော် ဝင်ခွင့်ယှဉ်ပြိုင်မှု အလွန်ပြင်းထန်ခြင်း၊ စိတ်ဖိစီးမှုများခြင်းနှင့် ဘွဲ့ရလူငယ်များ၏ အလုပ်လက်မဲ့နှုန်း မြင့်မားခြင်းတို့မှာလည်း ထိုနိုင်ငံ၏ လက်ရှိစိန်ခေါ်မှုများဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် အားသာချက်ကိုသာမက အားနည်းချက်ကိုပါ သင်ခန်းစာယူသင့်ပါသည်။

စာမျက်နှာ ၁၉ သို့ ✻

လပွတ္တာမြို့နယ်၌ ဆီထွက်သီးနှံ နေကြာ၊ ပဲပုပ်မျိုးစေ့များနှင့် ဓာတ်မြေဩဇာများပေးအပ်



လပွတ္တာ အောက်တိုဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများအား သွင်းအားစု နေကြာမျိုးစေ့၊ ဆီထွက်ပဲပုပ်မျိုးစေ့နှင့် ဓာတ်မြေဩဇာပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးက ဆီထွက်သီးနှံ ဆောင်ရွက်မည့်အခြေအနေကို ရှင်းလင်းတင်ပြသည်။ ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက ကျေးရွာအုပ်စု ခြောက်အုပ်စုမှ တောင်သူ ၇၃ ဦးအား ဓာတ်မြေဩဇာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်၌ အောက်တိုဘာ ၁၉ ရက်နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များရှိ CNG နှင့် LPG Gas အသုံးပြုလုပ်ကိုင်သည့် လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများနှင့် သိုလှောင်ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းများသို့ ဒုတိယမီးသတ်ဦးစီးမှူး ဦးရဲဇော်ထွေးဦးဆောင်သော တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးစဉ်။

ရှင်းခန့်အောင်





မိတ္ထီလာမြို့နယ်အတွင်းရှိ စက်သုံးဆီဆိုင်များ မီးလောင်မှု မီးလန့်မှု မဖြစ်ပွားစေရေးအတွက် အောက်တိုဘာ ၁၉ ရက်တွင် မိတ္ထီလာခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်း ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက ခရီးသွားလမ်းမကြီး (၅)သွယ်ရှိ စက်သုံးဆီဆိုင်များအား မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ လိုက်လံစစ်ဆေးခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်စဉ်။

ချမ်းသာ (မိတ္ထီလာ)



ဒေးဒရဲမြို့နယ်၌ အကြိုအခြေခံမီးသတ်သင်တန်းဖွင့်

ဒေးဒရဲ အောက်တိုဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီးဒေးဒရဲမြို့နယ်၌ အယ်လ်နီညိုကာလအတွင်း မီးလောင်မှု/မီးလန့်မှုမဖြစ်ပွားစေရေးအတွက် ယနေ့နံနက်ပိုင်းက ဒေးဒရဲမြို့နယ်မီးသတ်ဦးစီးမှူးရုံးခန်းမ၌ အကြိုအခြေခံမီးသတ်သင်တန်းဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းကိုစေ့ငြားများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စက်ရုံ/အလုပ်ရုံများမှသီးသန့်မီးသတ်တပ်ဖွဲ့ဝင်များအား အကြိုအခြေခံမီးသတ်သင်တန်းဖွင့်လှစ်ခဲ့ရာ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူးဦးဇော်မင်းဦးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ ပြောကြားခြင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်က အမှာစကားပြောကြားခြင်းတို့ ဆောင်ရွက်ခဲ့ပြီး သင်တန်းဖွင့်ပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိနှင့် လုပ်ငန်းရှင်များ၊ အရန်မီးသတ်ခေါင်းဆောင်များနှင့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင် အင်အား ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မင်းထက်သာ



ပေါင်းတည်မြို့နယ်၌ အယ်လ်နီညိုဒဏ်ကာကွယ်ရေး တောင်သူအသိပညာပေး

ပေါင်းတည် အောက်တိုဘာ ၁၉

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ အောက်တိုဘာ ၁၇ ရက် မွန်းလွဲပိုင်းက မြို့နယ်စိုက်ပျိုးမှု ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဝန်ထမ်းများသည် ကြုံးကြုံးကျကျေးရွာတွင် ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ အယ်လ်နီညိုဒဏ်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲပြုလုပ်သည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ကြိုတင်ကာကွယ်ရေးအစီအမံများ၊ ဒုတိယဦးစီးမှူးက သင့်လျော်သည့် ရာသီသီးနှံများ မြေအစိုဓာတ်ဖြင့် အချိန်မီစိုက်ပျိုးနိုင်ရေးနှင့် စိုက်နည်းစနစ်များကိုဆွေးနွေးကာ အယ်လ်နီညိုဒဏ်ကာကွယ်ဖို့ ကြိုတင်စီမံဆောင်ရွက်စို့ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



*** စာမျက်နှာ ၁၈ မှ**

ထို့ကြောင့် နိုင်ငံတော်က ကြိုတင်ပြင်ဆင်သင့်သည်ကို ပြင်ဆင်သင့်ပါသည်။

လူငယ်များနှင့် အနာဂတ်အတွက် အရေးကြီးသည့်အချက်များမှာ-

၁။ ပညာရေးနှင့် ဆက်လက်သင်ယူခြင်း။

၂။ ကျောင်းပညာတင်မကဘဲ ဘဝပတ်လုံး လေ့လာသင်ယူတတ်သောအကျင့်ရှိရန်။

၃။ လက်တွေ့ စွမ်းရည်ဆည်းပူးခြင်း ဘာသာစကား (အထူးသဖြင့် အင်္ဂလိပ်စာ)၊ ကွန်ပျူတာ၊ ဒီဂျစ်တယ်နှင့် AI ကိရိယာများ အသုံးပြုတတ်ရန်။

၄။ ဉာဏ်ရည်ဖြင့် စဉ်းစားတတ်ခြင်း - သတင်းအချက်အလက်များကို မှန်၊ မမှန် စစ်ဆေးပြီး ကိုယ်တိုင်ဆုံးဖြတ်နိုင်ရန်။

၅။ ကျန်းမာရေး - ကာယ၊ စိတ်ကျန်းမာရေးကို ဂရုစိုက်ပြီး အိပ်ရေးဝစွာအိပ်ရန်၊ အကျင့်ဆိုးများရှောင်ရန်။

၆။ ငွေကြေးစီမံခန့်ခွဲမှု - စုဆောင်းခြင်း၊ ဘတ်ဂျက်ချခြင်းနှင့် မလိုအပ်သောအကြွေးကို ရှောင်ခြင်း။

၇။ စည်းကမ်းနှင့် တာဝန်ယူမှု - အချိန်ကိုက်ခြင်း၊ ကတိတည်ခြင်းနှင့် ကိုယ့်လုပ်ရပ်အတွက် တာဝန်ခံခြင်း။

၈။ ကိုယ်ကျင့်တရားနှင့် ရိုးသားမှု - သစ္စာရှိခြင်း၊ ဂုဏ်သိက္ခာကို ထိန်းသိမ်းခြင်း။

၉။ ဆက်သွယ်ရေးနှင့် အဖွဲ့လိုက်လုပ်ဆောင်နိုင်မှု - လေးစားစွာပြောဆိုခြင်း၊ နားထောင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

၁၀။ ပြောင်းလဲမှုကို လိုက်လျောညီထွေနေတတ်ခြင်း - အခက်အခဲများကို ရင်ဆိုင်ရတွင် ခံနိုင်ရည်ရှိပြီး အရှုံးမှ သင်ခန်းစာယူတတ်ရခြင်း။

၁၁။ ရည်မှန်းချက်နှင့်အစီအစဉ်ရှိခြင်း - ရေတို၊ ရေရှည်ပန်းတိုင်များသတ်မှတ်ပြီး တစ်ဆင့်ချင်း အကောင်အထည်ဖော်ခြင်း။

၁၂။ လူမှုအသိုင်းအဝိုင်းအတွက် ပါဝင်ကူညီခြင်း - မိသားစု၊ ရပ်ရွာနှင့် လူ့အဖွဲ့အစည်းအတွက် အကျိုးပြုခြင်းတို့ဖြစ်ပါသည်။

အထက်ပါဖော်ပြမှုများသည် ကမ္ဘာကြီးသည် လျင်မြန်စွာ ပြောင်းလဲနေသောကြောင့် **စဉ်ဆက်မပြတ် လေ့လာသင်ယူလို စိတ်**သည် နည်းပညာနှင့် ကမ္ဘာကြီးကို အဓိလိုက်ရန် လိုသည်ကို ထပ်မံဖော်ပြရလိုက်ပါသည်။ ။

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံသားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် အောက်တိုဘာ ၁၉



နိုင်ငံတော်၏ တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံသားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပိုင်းနောင်မြို့ရှိ နယ်မြေခံတပ်ရင်းခွဲ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သောရှေ့တန်းပြန်တပ်မတော်သား များအား တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုခံများ ဖြင့်လည်းကောင်း သောင်းသောင်း ဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သား များအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ရန်ကုန်မြို့ အလုံမြို့နယ် ဆင်မင်းဈေး၊ ဆင်မင်းလမ်းတစ်လျှောက်၊ အလုံဈေးနှင့် သစ်တောလမ်းတစ်လျှောက်တို့၌ အယ်လ်နီညို ရာသီဥတုနှင့် ပတ်သက်၍ ပြည်သူများ သတိပြုနေထိုင်နိုင်ရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ခံများက အောက်တိုဘာ ၁၉ ရက်တွင် ပူးပေါင်းဆောင်ရွက်စဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)



မွန်ပြည်နယ် သထုံမြို့နယ်တွင် စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ခရိုင်မီးသတ်ဦးစီးမှူးနှင့် မြို့နယ်မီးသတ် ဦးစီးမှူးတို့ ဦးဆောင်သည့် သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူတို့က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများ၊ မီးသတ်ဆေးဘူးများ၊ Foam ဆေးရည်များ၊ ရေကန်များနှင့် တပ်ဆင်ထားသည့် မီးသတ်စက်များ ကောင်းမွန်စေရေးနှင့် အသင့်ရှိစေရေးတို့ကို အောက်တိုဘာ ၁၉ ရက်က လိုက်လံစစ်ဆေးစဉ်။

ခရိုင်(ပြန်/ဆက်)

ဝေါမြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ်နှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းစည်းဝေး

ဝေါ အောက်တိုဘာ ၁၉

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ်နှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်မည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးက ဌာနဆိုင်ရာများ၊ ရပ်မရပ်ဖများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအနေဖြင့် မိမိရပ်ကွက်ကျေးရွာများတွင် အပူရှောင်စခန်းများထားရှိနိုင်ရေး ဆွေးနွေးပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနမှူးက အယ်လ်နီညိုအန္တရာယ်အကြောင်း သိကောင်းစရာများနှင့် ဆေးဝါးလိုအပ်ချက်နှင့် ဓာတ်ဆီ၊ ရေခဲရရှိနိုင်မည့် နည်းလမ်းများကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ကျောင်းကုန်းမြို့၌ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်းဆောင်ရွက်

ကျောင်းကုန်း အောက်တိုဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ ခုတင်(၁၀၀)ပြည်သူ့ဆေးရုံဝင်းရှိ ဒေါ်သန်းတင်ခန်းမ၌ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းကို ယနေ့နံနက် ၉ နာရီက ဆောင်ရွက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ထပ်ဆင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးက ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်း လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

မြန်မာ့အသံနှင့်ခွဲခြမ်းသံကြား

၂၀-၁၀-၂၀၂၆ အင်္ဂါနေ့

MRTV HD

၀၆:၀၀ နိုင်ငံတော်သံ၊ သမဝါယကနာယကအဖွဲ့၊ ဥက္ကဋ္ဌဆရာတော်အနုဒြေသနိုင်ငံတော်သံ၊ သမဝါယကနာယကအဖွဲ့ဆရာတော်များအာဝဇ္ဇီတဂါထာတော်ရွတ်တင်ပူဇော်ခြင်း
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၅ ကမ္ဘာ့စစ်မှန်ကဏန်းများ၊ ကမ္ဘာ့စစ်ထုတ်လုပ်မှုများ (အပိုင်း-၂)
၀၉:၁၀ ထုတ်ဆုံးလုပ်အရာရှိပိတ်အစီအစဉ်
၀၉:၄၅ Sports Diary
၁၀:၀၀ သတင်းထူးသတင်း
၁၀:၃၅ (၂၂)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအရိုးအကာအထူးအစီအစဉ်"ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲ(ကွက်စိပ်ပြိုင်ပွဲ)
၁၂:၄၀ မြန်မာ့ဓာတ်လမ်းကြီး "ငဝက" (အပိုင်း-၃)
၁၃:၃၀ MRTV National News
၁၄:၃၀ မိုးလုံကတင်းဆိုက်ဆေးလိပ်ခြင်းကို ရပ်စဲရေးနေ့ Weekly MNL Review

mitv

07:01 Evergreen Classic: Hsu Myat Khay Mar (Tekkatho Lei Lei)
07:08 Majestic Shwedagon (Epi-2) (Part-1)
07:36 Clay Art On Canvas: Ricky Zachariah
08:01 News
08:27 Topics Potpourri; Training for Arctic Research
08:31 Faith & Worship (Part-1)
08:50 Views of Yangon; Yangon-Mawlamyaing DEMU Train Service
09:01 Topical Science Topics (Current Life Expectancy and Longevity)
09:27 The Artistic Journey of Youth; Hein Htet Aung
10:01 News
10:27 Lifestyle & Entertainment (Weekly Updates)

MRTV NRC

ချွင်း (ရိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)
ဟင်းသီးဟင်းရွက်အခင်းအကြမ်းများ(အပိုင်း-၂)
ချွင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀)
ချင်းပြိုရာဒေသအိုးထောစ်အကြောင်း
မွန် (၀၈:၀၀ မှ ၁၀:၀၀)
ဧရာဝတီရဲ့အိုင်းဆန်တဲ့အလှ(သို့)ဇင်ဂြန်ဖို့ကျွန်း (အပိုင်း-၀)
ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)
နည်းပညာမှန်သုတကတ္တရတ်ဘီဆီထွင်သူများ
ရှမ်း (၁၂:၀၀ မှ ၁၃:၀၀)
ပိုးနဲ့ဒေသလွယ်လွန်းကျောင်းမှသမိုင်းဝင်လက်ရာများ
၀ (၁၃:၀၀ မှ ၁၆:၀၀)
ကျိုင်တိုပြိုင်ဒုံးထင်ကရနေရာများသို့(အပိုင်း-၁)

MRTV NEWS

၀၆:၀၀ အလွှာ/ဗေဒသိပ္ပံ
၀၆:၀၅ လှုပ်လုပ်ရှားရေးအစီအစဉ်များ
၀၇:၀၀ ပြည်တွင်းသတင်း (LIVE)
၀၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၇:၄၅ Save Our Planet Program
၁၀:၄၅ အယ်ဒီယာနှင့်အမှုစာရုံး "ကြိုးကြာသံ"
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၃:၀၀ MRTV National News
၁၄:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းမုဒိုးကဏ္ဍ (LIVE)
၁၈:၄၅ The Multi Sports Arena
၁၉:၄၅ ၂၀ ရိုးသုန် ရွာထောဒိုဝယ်ဒုတ်သုန် သူ့ကထိုနိုအမှန်အကြောင်းသိကောင်းစရာ
၂၃:၀၀ ပြည်တွင်းသတင်း (LIVE)
၂၃:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV FARMERS

၀၆:၀၀ အလွှာ/နိုင်ငံတော်သီချင်း
၀၆:၁၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ သီးနှံမျိုးစိတ်ပျိုးကို Big M စိုက်ပျိုးရေးပြန့်ပွားလက်တွဲခြင်း
၀၇:၃၀ "ပိုင်းခုံးကြီးစားပါကဏ္ဍမြင့်မား"
၀၈:၀၀ ကျေးလက်ကွန်ရက်
၀၉:၃၀ တို့ပေါ်ညီညီဆောင်ရွက်စိုက်ပျိုးကဏ္ဍတိုးတက်
၁၀:၀၀ တတိယအကြိမ်အမျိုးသားလွှတ်တော်တတိယပုံမှန်အညီလေး(၁၁)ရက်မြောက်နေ့တိုက်ရိုက်ထုတ်လွှင့်မှု
၁၆:၃၀ တေးကြိုးပြိုး(အပိုင်း-၁)

MRTV ENTERTAINMENT

၀၇:၀၀ အလွှာ/အလံ
၀၇:၃၀ လွှတ်တော်ရေးရာအစီအစဉ်(၁၉-၁၀-၂၀၂၆)
၁၀:၀၀ တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး(၁၁)ရက် မြောက်နေ့တိုက်ရိုက်(Live)ထုတ်လွှင့်မှု
၁၄:၀၀ လွှတ်တော်သတင်း

MRTV SPORTS

၀၆:၀၀ အလွှာ
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြမည်
၀၆:၄၅ Sports Diary
၀၇:၄၅ The Multi Sports Arena
၀၈:၀၀ ၂၀ ရိုးသုန်၊ လိုးကြီးဌာနဝယ်ပိုင်းဆုပိုင်းဆိုင်းသုံး-၄)ပေးကတ်တွဲ (Replay) (သာသနာရေးသိပ္ပံကြီးဌာနနှင့် နယ်စပ်ရေးရာသိပ္ပံကြီးဌာန)
၁၃:၀၀ အားကစားသတင်း

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio
Education Channel

၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ အမျိုးသား/အမျိုးသမီး ဝိတ်တန်းအလိုက်ပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ



နေပြည်တော် အောက်တိုဘာ ၁၉

အားကစားရေးရာဝန်ကြီးဌာနမှ ကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ "၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ဝှေ့ပြိုင်ပွဲ"ကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား (၄၈၊ ၅၄၊ ၆၀၊ ၈၀) ကီလိုတန်းပြိုင်ပွဲများနှင့် အမျိုးသမီး (၅၀)ကီလိုတန်းပြိုင်ပွဲများကို အသီးသီး ယှဉ်ပြိုင်ခဲ့ကြသည်။

ယှဉ်ပြိုင်အနိုင်ရရှိ

အမျိုးသားပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် (၄၈)ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ ဝေယံထွန်း(အနီ)က မွန်ပြည်နယ်အသင်းမှ လင်းခန့်ကိုကို(အပြာ)ကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းမှ လင်းထက်စံ(အနီ)က ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ဇွဲပိုင်(အပြာ)ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းမှ ဖိုးလပြည့်(အနီ)က ဧရာဝတီတိုင်းဒေသကြီးအသင်းမှ စူပါလင်းဇယ်(အပြာ)ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ခန့်ဖြိုးကျော်(အနီ)က ရှမ်းပြည်နယ်အသင်းမှ ရွှေပေါ(အပြာ)ကိုလည်းကောင်း၊ (၅၄)ကီလိုတန်းပြိုင်ပွဲတွင် ချင်းပြည်နယ်အသင်းမှ ဟာခေါဇေ(အပြာ)က ကချင်ပြည်နယ်အသင်းမှ နေလင်းထွန်း(အနီ)ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ ထွန်းထက်ခိုင်(အပြာ)က ရှမ်းပြည်နယ်အသင်းမှ မင်းသက်ခိုင်(အနီ)ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ဖြိုးကျော်ကျော်(အနီ)က မန္တလေးတိုင်းဒေသကြီးအသင်းမှ ရဲရင့်ထွေး(အပြာ)ကိုလည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ စောစိုးထက်စံ(အပြာ)က မွန်ပြည်နယ်အသင်းမှ လွင်မင်းတင်(အနီ)ကိုလည်းကောင်း၊ (၆၀)ကီလိုတန်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ လာဗျက်ကျဲလ်(အပြာ)က ချင်းပြည်နယ်အသင်းမှ ရဲထက်ပိုင်(အနီ)ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ သီဟအောင်(အပြာ)က ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ဇင်ကိုလတ်(အနီ)ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းမှ အောင်မင်းခန့်(အနီ)က တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ဇော်ဇော်ဖြိုး(အပြာ)ကိုလည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ အောင်ခန့်ဖြိုး(အပြာ)က ရှမ်းပြည်နယ်အသင်းမှ စိုင်းအွန်ဖ(အနီ)ကိုလည်းကောင်း၊ အမျိုးသား (၈၀)ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ကောင်းထက်ဇော်(အနီ)က မန္တလေးတိုင်းဒေသကြီးအသင်းမှ ဇော်ဆိုင်းနော်(အပြာ)ကိုလည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ ဟန်ထူးလွင်(အနီ)က ရခိုင်ပြည်နယ်အသင်းမှ စိုးမင်းပိုင်(အပြာ)ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ သီဟကိုကို(အပြာ)က ချင်းပြည်နယ်အသင်းမှ စိုင်းဆိုင်ဖ(အနီ)ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ကောင်းမြတ်သူ(အပြာ)က မွန်ပြည်နယ်အသင်းမှ ဥဇာလင်း(အနီ)ကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီး (၅၀)ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ လဝန်းနွယ်(အနီ)က ပဲခူးတိုင်းဒေသကြီးအသင်းမှ ပြည့်ပြည့်စံ(အပြာ)ကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းမှ နေဝံတာဘာလုဆိုး(အနီ)က မွန်ပြည်နယ်အသင်းမှ ပန်းသင်ၤဝင်မြင့်(အပြာ)ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ သန္တာ(အပြာ)က ကရင်ပြည်နယ်အသင်းမှ ချိုချိုအေး(အနီ)ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းမှ ဖူးဖူး(အနီ)က ချင်းပြည်နယ်အသင်းမှနိမ်မနား(အပြာ)ကိုလည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီမှစတင်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံအားကစားရုံ၌ "၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ" အမျိုးသား/အမျိုးသမီး ဝိတ်တန်းအလိုက်ပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်



၂၀၂၆ ခုနှစ် (၅)ကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာရေကူးအားကစားအဖွဲ့မှ ညီညီလင်းထက်က တတိယကြေးတံဆိပ်ဆု ဆွတ်ခူးရရှိ

နေပြည်တော် အောက်တိုဘာ ၁၉

ဂျပန်နိုင်ငံ နာဂိုယာမြို့တွင် ကျင်းပလျက်ရှိသည့် (၅)ကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ မြန်မာမသန်စွမ်း အားကစားအဖွဲ့ ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်ကျော်ကျော်ဦးနှင့်အတူ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ ချုပ်မှ ဒုတိယဥက္ကဋ္ဌ (လေ့ကျင့်) ဦးဝင်းမြင့်၊ အုပ်ချုပ်သူ/နည်းပြများနှင့် မသန်စွမ်းအားကစားသမား စုစုပေါင်း ၁၅ဦးတို့သည် ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်းမှစတင်၍ ပြေးခုန်ပစ်၊ ရေကူးနှင့် တိုက်ကွမ်ဒို အားကစားနည်း သုံးနည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

မြန်မာမသန်စွမ်း ရေကူးအားကစားအဖွဲ့သည် ယနေ့ ရေကူးအားကစားနည်း အမျိုးသား မီတာ ၅၀ အလွတ်ကူး (Men's 50 m Freestyle S3) ပြိုင်ပွဲတွင် တောင်ကိုရီးယား၊ ဂျပန်၊ ကာဇက်စတန်၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်နှင့် မြန်မာအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းမှ ညီညီလင်းထက်က ၄၄.၅၃ စက္ကန့်ဖြင့် မြန်မာနိုင်ငံအတွက် ပထမဦးဆုံး ကြေးတံဆိပ်ဆုကို ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

မြန်မာ မသန်စွမ်းအားကစား အဖွဲ့အနေဖြင့် ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၀ ရက် ဒေသစံတော်ချိန် ၁၉:၃၀ မိနစ်တွင် မသန်စွမ်းရေကူးအားကစားနည်း အမျိုးသား မီတာ ၅၀ ပက်လက်ကူး (Men's 50 m Breaststroke SB3)ပြိုင်ပွဲတွင် မြန်မာအသင်းမှ ညီညီလင်းထက်ကလည်းကောင်း၊ မသန်စွမ်းပြေးခုန်ပစ် အားကစားနည်း အမျိုးသားအမြင့်ခုန် (Men's High Jump T45,T64,T47) ပြိုင်ပွဲတွင် မြန်မာအသင်းမှ အောင်မြင့်မြတ်ကလည်းကောင်း အသီးသီး ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

✣ **ဧရာဝတီအသင်းမှ**

နောက်ဆုံးအဆင့်ကို လေးသင်းသုံးအုပ်စုခွဲ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံး နှစ်သင်းစီနှင့် တတိယနေရာရသုံးသင်းအနက် အကောင်းဆုံး နှစ်သင်း စုစုပေါင်းရှစ်သင်း ကွာတားဖိုင်နယ် တက်ရောက်ခွင့် ရမည်ဖြစ်သည်။

ဧရာဝတီအသင်းသည် အုပ်စု(A) ပွဲစဉ်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရထားပြီး နို၀င်ဘာ ၁၊ ၄၊ ၇ ရက်တွင် တစ်နေ့လျှင် နှစ်ပွဲနှုန်း ကျင်းပမည်ဖြစ်သည်။

အုပ်စုပွဲများအဖြစ် ဧရာဝတီအသင်းသည် နို၀င်ဘာ ၁ ရက်တွင် မြောက်ကိုရီးယားကလပ် နာဂိုရန်အသင်း၊ နို၀င်ဘာ ၄ ရက်တွင် ဂျပန်ကလပ် ကိုဘေးအသင်း၊ နို၀င်ဘာ ၇ ရက်တွင် အီရန်ကလပ် ဘမ်ခါတွန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုအနေအထားအရ ဧရာဝတီအသင်းသည် အကောင်းဆုံးအုပ်စုတတိယဖြင့်သာ နောက်တစ်ဆင့် တက်ရောက်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်ပြီး အီရန်ကလပ်နှင့် ကစားရမည့်နောက်ဆုံးပွဲမှာ အဆုံးအဖြတ်ဖြစ်လာမည် ဖြစ်သည်။

ဧရာဝတီအသင်းသည် ခြေစစ်ပွဲ အုပ်စုပွဲများကိုလည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး တရုတ်(တိုင်ပေ)၊ စင်ကာပူနှင့် လက်ဘနွန် ကလပ်များကို ကျော်ဖြတ်ကာ ခြေစစ်ပွဲအောင်ခြင်းခဲ့ခြင်း ဖြစ်သည်။

သတင်း - ညီမြတ်သော်တာ
ဓာတ်ပုံ - AYWDFC

★ **ရီးယဲလ်မက်ဒရစ်မှ**

အဲဒီပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းက ဆီဗီလာအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတွေကို ဂူလာက တစ်ဂိုး၊ အမ်ဘာပိပိက နှစ်ဂိုး၊ ဒီယိုမန်ဒီက တစ်ဂိုး သွင်းယူပေးခဲ့ကာ ဆီဗီလာအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ မာနူဘူနိုကသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ သွင်းဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး အမ်ဘာပိပိဟာ ယခုဘောလုံးရာသီမှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ပြိုင်ပွဲစုံ ၁၁ ပွဲမှာ သွင်းဂိုး ၁၁ ဂိုးအထိရှိသွားခဲ့ပြီလည်း ဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ ဆီဗီလာအသင်းကို အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါအမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ ဘာစီလိုနာအသင်းနဲ့ ခြောက်မှတ်ကွာ အမှတ်ပေးဇယား အဆင့်(၃) နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဘာစီလိုနာအသင်း တို့ဟာစပိန်လာလီဂါရဲ့အယ်လ်ကလက်စီကိုပွဲစဉ်အဖြစ် အောက်တိုဘာ ၂၅ ရက်မှာ ဘာစီလိုနာ အိမ်ကွင်းမှာ တွေ့ဆုံဦးမှာဖြစ်ပါတယ်။ ဆီဗီလာအသင်းကတော့ ရီးယဲလ်မက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့ခဲ့လို့ စပိန်လာလီဂါ အမှတ်ပေးဇယား အဆင့်(၆)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ငွေကြေယ်



ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် မလာန္တယ်လမ်းထောင့်ရှိ စက်သုံးဆီအရောင်းဆိုင် တစ်ဆိုင်တွင် အောက်တိုဘာ ၁၉ ရက်က တာမွေမြို့နယ်မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးမျိုးညီညီဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ အသိပညာပေးဆောင်ရွက်စဉ်။

၈၅

ဖခင်အမည်မှန်

သတိုးမြို့နယ်၊ အ.မ.က(မူလွန်) ရွာဦးကျောင်း Grade-7 တွင် ပညာသင်ကြားနေသော မောင်ထက်ဝေယံ၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွန်း [၁၀/သထန(နိုင်)၂၈၅၃၁၄] ဖြစ်ပါကြောင်း။

ဦးအောင်ထွန်း
[၁၀/သထန(နိုင်)၂၈၅၃၁၄]

ပေျာက်ဆုံးခြင်း

အေးလာဝင်း(ဘ)ဦးသန်းနိုင်စိုး (ခ) မာမက်အာယုတ် (၁၂/ဒဂတ(နိုင်) ၁၃၀၀၇၉) ပိုင်ဆိုင်သော BB/1177 ကား၏ CNG စာအုပ်ပျောက်ဆုံးသွား၊ ပါသဖြင့် ပြန်လည်လျှောက် ထားမည် ဖြစ်ပါသောကြောင့်ကန့်ကွက်ပိုဆိုရှိပါက အကြောင်းကြားကန့်ကွက်နိုင်ပါသည်။
ရက်စွဲ- ၄၂၀၁၇၂၅၆၁

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါ အိတ်ဖွင့်တင်ဒါများအား (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆိုလိုပါသည် -

(က) အောက်ပါအိတ်ဖွင့်တင်ဒါများအား(၁၈-၁၁-၂၀၂၆)ရက်နေ့အထိ ရုံးချိန်အတွင်းသာ ရောင်းချမည်ဖြစ်ပြီး တင်ဒါပိတ်ရက် (၁၉-၁၁-၂၀၂၆)ရက်နေ့ (၁၃:၀၀) နာရီအချိန်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၂၇) နေပြည်တော်သို့ လူကိုယ်တိုင် လာရောက်တင်သွင်းရမည်-

စဉ်	တင်ဒါအမှတ်	လုပ်ငန်းအမည်
၁	46(T)/EPGE(REHP)/ 2026–2027	ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံရှိ အမှတ်(၃)စက် အကြီးစားပြုပြင်ခြင်းကို Supervision, Testing and Commissioning နှင့် အတူဝယ်ယူခြင်း လုပ်ငန်း။
၂	47(T)/EPGE(REHP)/ 2026–2027	ရွဲရွာရေအားလျှပ် စစ်ဓာတ်အားပေးစက်ရုံရှိ အမှတ်(၃) စက်အကြီးစား ပြုပြင်ခြင်းကို Supervision, Testing and Commissioning နှင့် အတူဝယ်ယူခြင်းလုပ်ငန်း။

(ခ) အောက်ပါအိတ်ဖွင့်တင်ဒါအား(၂-၁၁-၂၀၂၆)ရက်နေ့အထိ ရုံးချိန်အတွင်းသာ ရောင်းချမည်ဖြစ်ပြီး တင်ဒါပိတ်ရက် (၃-၁၁-၂၀၂၆) ရက်နေ့ (၁၃:၀၀)နာရီအချိန်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၂၇) နေပြည်တော်သို့ လူကိုယ်တိုင် လာရောက်တင်သွင်းရမည်-

စဉ်	တင်ဒါအမှတ်	လုပ်ငန်းအမည်
၁	81(Re–T)/ EPGE (REHP)/ 2026–2027	ကွန်းချောင်း ဓာတ်အားပေးစက်ရုံရှိ 230/11 kV, 25 MVA Transformer Bushing (ABB) (1 No) ဝယ်ယူခြင်း။

၂။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန Web–Portal (www.moee.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(ဖုန်း-၀၉-၄၀၂၆၈၈၄၇၁)

ဖခင်အမည်မှန်

နောင်ချိုမြို့နယ်၊ မျက်ချင်းနု အလက (ခွဲ)၊ Grade-4 မှ မောင်ကျော်ဇေယျ နှင့် Grade-2 မှ မကေသွယ်မိုးတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်ထွေး [၁၃/နခတ(နိုင်)၀၈၁၂၃၈] ဖြစ်ပါကြောင်း။

ဦးမောင်ထွေး

မိဘအမည်မှန်

ကျောက်မဲမြို့နယ်၊ နောင်ပိန်ကျေးရွာ၊ (၂) ရပ်ကွက်နေ ဒေါ်နန်းလင်းလက်ဦး [၁၃/ကမန (နိုင်) ၁၂၉၈၅၅] ၏ ဖခင် အမည်မှန်မှာ ဦးခမ်းကျော်ထွေး (ခ) ဦးစိုင်းခမ်းကျော်ထွေး ဖြစ်ပြီး မိခင်အမည်မှန်မှာ ဒေါ်နန်းခင်သန်း (ခ) ဒေါ်ခင်သန်း ဖြစ်ပါကြောင်း။

ဒေါ်နန်းလင်းလက်ဦး

ဖခင်အမည်မှန်

နောင်ချိုမြို့နယ်၊ ဆီဆုံ အထက(ခွဲ) Grade-8မှ မနန်းဆိုင်ဖွေး၏ ဖခင်အမည်မှန်မှာ ဦးစိုင်းအိုက်ခမ်း [၁၃/သပန(နိုင်)၀၇၅၅၇၅]ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

နောင်ချိုမြို့နယ်၊ ဆီဆုံ အထက(ခွဲ) Grade-6 မှ မခိုင်သဇင်ဖွေး၏ ဖခင်အမည်မှန်မှာ ဦးစိုးလွင်လွင် [၉/ပဥလ(နိုင်)၁၀၁၁၉၂]ဖြစ်ပါကြောင်း။

ဦးစိုးလွင်လွင်

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်-(ဗဗ-၃)၊ ဦးပိုင်အမှတ်(၁၂၉)၊ ၁၁၂လမ်း၊ ၄၆x၄၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြင့်ကျော်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၆၃၆/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးသန္တာ (ခ) အေးနှင်းနွယ်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၂၆၆/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးရန်တင်ချွန်း[၁/မညန(နိုင်)၀၈၃၅၃၅] က အမှုတွဲအမှတ် (၃၀၂၉/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်-(မမ-၁၃)၊ ဦးပိုင်အမှတ်(၅၁)၊ ၅၀x၅၁ကြား၊ ၁၁၇x၁၁၈လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးမျိုးမြင့် [၉/မနတ(နိုင်)၀၂၁၄၃၂]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၃၀၂၆/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

စာအုပ်စာပေ လှူမိတ်ဆွေ

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
(၃၀/၂၀၂၆-၂၀၂၇)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါပစ္စည်း/လုပ်ငန်း (၃)မျိုးအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

စဉ်	တင်ဒါအမှတ်	ဝယ်ယူမည့်ပစ္စည်း/လုပ်ငန်း	အရေအတွက်
(က)	32(LPT)MPE–F4,F5/26–27	Woven Polypropylene Bags(WPP–Bags)	500,000 Bags
(ခ)	အဆိုပြုလွှာ–10/ MPE–SL/26–27	Battery Charger ပြုပြင်ခြင်းလုပ်ငန်း	1 Lot
(ဂ)	အဆိုပြုလွှာ–11/ MPE– MBU/26–27	Air Intake Filter	64 Nos.

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၂၂ - ၁၀ - ၂၀၂၆ ရက်နေ့မှစ၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၄၄)၊ ဘဏ္ဍာရေးဌာန(နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (energy.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါကို ၅ - ၁၁ - ၂၀၂၆ ရက်နေ့ (၁၃:၀၀) နာရီနောက်ဆုံးထား၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ ရတနာခန်းမ၊ (နေပြည်တော်) သို့ လူကိုယ်တိုင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
ဖုန်း-၀၆၇-၃၄၁၁၁၉၃၊
၀၉-၄၂၀၂၄၁၄၅၃၊ ၀၉-၄၄၃၂၇၅၁၀၈

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၂)ရပ်ကွက်၊ စိမ်းမြသာယာလမ်း၊ မြေကွက်အမှတ် (၄၁၈) ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ (၆)ထပ်တိုက်၏ (မြေညီထပ်) (ခြေရင်းခန်း) ၊ အကျယ်အဝန်း (၁၈ × ၅၀)ပေရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ဖြူဖြူဝင်း (၉/ခအဇ (နိုင်) ၀၁၄၃၀၆) က တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်လျက်ရှိပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်စိုး (၁၂/ဥကတ (နိုင်) ၀၇၉၄၀၆) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်အေးမွှင့်မြူ (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၉၁)
အမှတ်(၄၉၄)၊ တတိယထပ်၊ ငမိုးရိပ်(၅)လမ်း၊ အပိုင်း(၃)၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၁၁၅၃၃၁၀၊ ၀၉ ၉၇၇၈၀၁၁၃၆၆

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ Estella Townhouses၊ အိမ်အမှတ် (ETH–659)၊ လမ်းအမည် (Drive – 2)၊ ခန့်မှန်းမြေဧရိယာ (၁၂၁၀) စတုရန်းပေ၊ ခန့်မှန်းအဆောက်အအုံဧရိယာ(၁၂၇၇) စတုရန်းပေရှိ မြေနှင့်အဆောက်အအုံတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဒေါ်သီရိဆွေ[၉/ခအဇ(နိုင်)၀၂၁၇၁၀]မှ ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်တို့မှလည်း အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်စွာဦး [၇/တငန(နိုင်)၀၀၉၃၄၉]
ဒေါ်ဇင်မာဦး [၆/ထဝန(နိုင်)၀၀၁၃၉၆]
ဖုန်း-၀၉- ၅၀၄၂၅၈၈၊ ၀၉-၄၅၀၀၆၂၄၅၃

အထွေထွေကိုယ်စားလှယ်လွှဲစာအား
ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သဒ္ဒါလမ်း၊ အမှတ်(၄၇၂/က)နေ ဒေါ်စန်းဝင်း(ဘ) ဦးမောင်ခင် [၁၂/ဥကတ(နိုင်)၀၄၄၃၃၆] ကိုင်ဆောင်သူမှ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရှမ်းစု(၂)လမ်း၊ အမှတ်(၂၃)နေ ဒေါ်သူဇာထွန်း (ဘ)ဦးသန်းထွန်း [၁၂/မရက(နိုင်)၁၁၅၇၇၇] ကိုင်ဆောင်သူတို့သည် (၂၃-၁၁-၂၀၂၃)ရက်နေ့တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၅၀၆၂)ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ပေးထားခဲ့ကြပါသည်။ ယခုအခါ ၎င်းအထွေထွေကိုယ်စားလှယ်လွှဲစာအား ဆက်လက်အသုံးပြုရန် မလိုအပ်တော့ပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ကျွန်မဒေါ်သူဇာထွန်းမှ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သူဇာထွန်း [၁၂/မရက(နိုင်)၁၁၅၇၇၇]

သွာနုတ္တသားအဖြစ်သတ်မှတ်၍ သားအဖြစ်မှ
စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို (၂)ရပ်ကွက်၊ စက်မှု အ.ထ.က (၁)ဝင်း အမှတ် (၁၂၃)နေ **ဦးဘတင် [၁၂/ဗဟန(နိုင်)၀၀၇၆၃၁]** ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ သားဖြစ်သူ **မောင်ဇင်လင်းထက် [၁၂/ဗဟန(နိုင်)၁၀၅၂၁၀]** ကိုင်ဆောင်သူသည် ဖခင်၏ ဆိုးဆုံးမမှုအားနာခံခြင်းမရှိဘဲ ဖခင်အား ရန်သူသဖွယ် သဘောထားပြမူခြင်းနှင့် ဖခင်ခွင့်မလွှတ်နိုင်သောကိစ္စရပ်များအား ထပ်ခါထပ်ခါ ပြုလုပ်ပြီး ဖခင်အား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ် လူသိရှင်ကြားပြုမူခဲ့သည့်အတွက် **မောင်ဇင်လင်းထက်အား သွာနုတ္တ သားသမီးအဖြစ်သတ်မှတ်၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း** အများသိစေရန် အသိပေးကြေညာပြီး၊ ၎င်းနှင့်ပတ်သက်သည့် အရှုပ်အရှင်းကိစ္စ၊ ငွေရေးကြေးရေးကိစ္စများ၊ တာဝန်ယူဖြေရှင်းမည် မဟုတ်ကြောင်းနှင့် မိဘများ၏ ဂုဏ်သိက္ခာကျဆင်းစေသည့် အပြုအမူများပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူနိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

ဦးဘတင်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စန္ဒာဝင်း (LL.B)
အထက်တန်းရှေ့နေ(စဥ် - ၃၇၁၂၅/၁၁)
အမှတ်(၅၀), C.3၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၀၉-၄၂၀၀၉၉၆၆၆

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၂ - ရပ်ကွက်၊ မဟော်သဓာလမ်း ၊ အမှတ် - ၁၀၁ ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

